
ခိုနားရာ
Wine

## ခိုနားရာ (၁)

"သားရေ သား တည်မြဲစေ"

ဒေါ်ထက်ထက်လှိုင်တစ်ယောက် သားကို လိုက်ရှာနေတာ တစ်အိမ်လုံးနဲ့ နေပြီ။

"ဒီကလေး ဘယ်သွားနေလဲ မသိဘူး။ စောစောကပဲ ဧည့်ခန်းထဲမှာ ကာတွန်းကား ထိုင်ကြည့်နေသေးတယ်။ သူ ရေခဲမုန့်စားချင်တယ်ဆိုလို့ သွားယူတုန်းခဏ အခု ပျောက်သွားပြီ။ .... သားရေ ... တည်မြဲစေ ဘယ်မှာလဲ ... မာမီရှာနေတယ်။ ဦးအေး သားစေကို တွေ့မိသေးလား"

"စောစောကတော့ ခြံထဲမှာ တွေ့လိုက်တယ် မမလေး။ ကျွန်တော် လိုက်ရှာပေးရမလား"

"ရတယ် ရတယ်၊ လုပ်စရာရှိတာလုပ်။ ကျွန်မပဲ ရှာလိုက်မယ်"

ဟော .... တွေ့ပါပြီ။

ခြံတံခါးက လူဝင်ပေါက်လေးကိုဖွင့်ပြီး ခြံထောင့်နားသွားကာ မျက်စောင်းထိုးခြံကို လှမ်းကြည့်နေသော သားတော်မောင်။ မျက်စောင်းထိုးခြံမှာ လူသစ်တွေ ပြောင်းလာကြပုံပင်။ ထိုခြံတွင် ယခင်က လူမနေသောကြောင့် ခြံတံခါး၊ အိမ်တံခါး အမြဲ ပိတ်ထားတတ်သည်။ လွန်ခဲ့သည့် တစ်ပတ်လောက်ကမှ အိမ်ရှင်အသစ်တွေ ပြောင်းလာကြတော့မည်ဆိုကာ သန့်ရှင်းရေး လာလုပ်တာတော့ တွေ့ဖူးသည်။ ကြည့်ရတာ သည်နေ့ပဲ ပြောင်းလာကြသည့်ပုံ။ ဒါကို သားက စိတ်ဝင်တစား လှမ်းကြည့်နေသည်။

ကလေးဆိုတော့လည်း စပ်စုချင်တာ ဖြစ်ပါလိမ့်မည်။

"သားလေး သူများတွေ အိမ်ပြောင်းလာတာ ဘာများ အထူးတဆန်းပါလို့ ဒီလောက် စိတ်ဝင်တစား ကြည့်နေတာလဲ"

"မာမီ မာမီ အဲဒီအိမ်ကိုပြောင်းလာတဲ့အန်တီက ဗိုက်ကြီးကြီးနဲ့ဗျ"

"ဟုတ်လား။ သားက အဲဒီအန်တီကို ကြည့်ချင်လို့လား"

"မဟုတ်ပါဘူး။ အဲဒီအန်တီကို ကြည့်ချင်လို့မဟုတ်ဘူး။ သား စဉ်းစားနေတာ ... မာမီလည်း ဘာလို့ ဗိုက်မကြီးသေးတာလဲလို့။ မာမီ မြန်မြန် ဗိုက်ကြီးတော့ဗျာ"

"ဟောတော် ဒီကလေး ဘာတွေပြောနေတာလဲ"

"ဟုတ်တယ်လေ။ မာမီ မြန်မြန် ဗိုက်ကြီး ...၊ ပြီးရင် သားအတွက် ညီလေး မွေးပေး ... ဒါပဲ"

သားက ညီလေးလိုချင်ကြောင်း ခဏခဏ ပူဆာတတ်သည်။ သူ မူကြို တတ်နေသည့်ကျောင်းတွင် သူ့သူငယ်ချင်းများကို သူတို့အစ်ကိုများက လာကြည့်ချိန်နှင့် ဂရုစိုက်သည့်အချိန်များတွင် သူလည်း သူ့ညီလေးကို ထိုအစ်ကိုများကဲ့သို့ ဂရုစိုက်ပေးချင်ကြောင်း ကျောင်းကပြန်လာတိုင်း ပြန်ပြန်ပြောတတ်သည်။ ထိုကဲ့သို့အချိန်တိုင်းတွင် မိဘနှစ်ပါးလုံး စိတ်မကောင်း ဖြစ်ကြရသည်။

ဒေါ်ထက်ထက်လှိုင်၏ ကျန်းမာရေး အခြေအနေကြောင့် နောက်ကလေး ထပ်ယူရန် မဖြစ်နိုင်သောကြောင့် သားကိုမွေးပြီး ဆရာဝန်နှင့်တိုင်ပင်ကာ သားကြောဖြတ်ခဲ့သည်။ သားစေကိုပင် မရဏမင်းနှင့် စစ်ခင်းကာ အသက်လု၍ မွေးဖွားထားရသည် မဟုတ်ပါလား။

ဒေါ်ထက်ထက်လှိုင် သားနှင့်မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပြီး သား

လေး၏ ပါးနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ကိုင်ကာ နဖူးလေးကို အသာမွှေးကြူလိုက်သည်။

"သားက ညီလေးလိုချင်လို့လား ... ဟုတ်လား။ ရမှာပေါ့ သားရဲ့။ သား အတွက် ညီလေးရမှာပေါ့"

"မာမီက ရမယ်ရမယ်နဲ့ တကယ်လည်း မွေးမပေးဘဲနဲ့။ ဟိုအန်တီ့ဆီက ပဲ တောင်းပေးတော့။ ဟိုအန်တီ ညီလေးမွေးရင် သားအတွက် တောင်းပေး"

"ဟော ဘယ်လိုလုပ် တောင်းလို့ရမှာလဲ သားရဲ့။ သူများကလေးကို"

"မရဘူး မရဘူး ... အဲဒီအန်တီဆီက ညီလေးတောင်းပေး ... ညီလေး တောင်းပေး"

"ဟုတ်ပါပြီ ဟုတ်ပါပြီ တောင်းပေးပါ့မယ်နော်။ မငိုပါနဲ့တော့။ မာမီက ရေချိုးပြီး သနပ်ခါးတွေ လိမ်းပေးထားတာ ငိုလိုက်ရင် ကြောင်ကျီးရုပ်ကြီး ဖြစ်သွားလိမ့်မယ်။ မငိုနဲ့တော့ နော်"

"အဲဒါဆို ညီလေးတောင်းပေး။ ညီလေး တောင်းပေးရင် မငိုဘူး"

"မငိုမှ တောင်းပေးမှာ။ ငိုရင် တောင်းမပေးဘူး။ ဒါပဲ။ သားပဲ စောစော ကတော့ ရေခဲမုန့်စားချင်တယ်ဆို။ လာလေ သွားစားမယ်။ ငိုလည်းမငိုရ ဘူး။ လူကြီးတွေစကားလည်း နားထောင်ရမယ်။ လိမ်လိမ်မာမာနေရင် ညီ လေးတောင်းပေးမယ်။ ဘယ်လိုလဲ ... လိမ္မာမှာလား"

"ဟုတ် လိမ္မာမယ်"

ခေါင်းကို အားရပါးရ ညိတ်ကာ ဟီးခနဲ ရယ်ပြလာတော့ ဂျပိုးစားနေ သည့် သွားလေးတွေနှင့် ရှေ့သွားကျိုးထားသည့် နေရာလေးမှ ပြတင်းပေါက်လေးက အူယားစရာ။ ဒါတောင် အချိုကြိုက်လွန်းသည့် ကိုယ်တော်ကို ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် အချိုလျှော့ကျွေးရသည်။

မဟုတ်လျှင် ရှိသမျှသွား အကုန် ဂျပိုးစားလို့ နုတ်ပစ်ရမှာ ကျိန်းသေပင်။

အစ်ကိုကြီးဖြစ်ချင်နေသည့် သားလိမ္မာကို ပြုံးကြည့်ရင်း မျက်လုံးကလည်း တစ်ဖက်ခြံသို့ ရောက်မိတော့ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်နှင့် အကြည့်ချင်းဆုံမိသည်။ အပြန်အလှန် ခေါင်းညိတ်ပြုံးပြပြီး နှုတ်ဆက်ဖြစ်ကြသည်။ သားပြောသည့် "ဗိုက်ကြီးကြီးနဲ့အန်တီ" ဆိုတာ ထိုညီမကို ပြောတာပဲဖြစ်မည်။ သူကလည်း အကြည့်မလွှဲသေးဘဲ ပြုံးပြနေတာကြောင့် သားလက်ကိုဆွဲပြီး ထိုအမျိုးသမီးငယ်ဆီ လျှောက်သွားလိုက်သည်။

"ညီမတို့က ဒီအိမ်ကို ပြောင်းလာကြတာလား"

"ဟုတ်တယ် မမ။ အရင် ညီမအမျိုးသားမိဘအိမ်မှာ နေတာလေ။ အခုမှ အိမ်ခွဲနေမှာ"

"ဟုတ်လား ...။ မမတို့က ဟိုမျက်စောင်းထိုးခြံကလေ။ အကူအညီလိုရင် ပြောနော် ညီမ"

"ဟုတ်ကဲ့ မမ။ ကျေးဇူးတင်ပါတယ်"

နန်း သူ့ကို လာနှုတ်ဆက်သည့် အစ်မနှင့် စကားပြောနေစဉ် လက်ကိုလာဆွဲသော တစ်စုံတစ်ယောက်ကြောင့် ငုံ့ကြည့်လိုက်တော့ သူ့ကို ပြုံးပြနေသည့် ကလေးငယ်တစ်ဦး။ ပါးနှစ်ဖက် ပါးကွက်အပြည့်ကွက်ကာ ဆံပင်ကို ဘေးသို့ သပ်သပ်ရပ်ရပ် ခွဲဖြီးထားသည့် အသားဖြူဖြူ၊ ပိန်ပိန်သေးသေး၊ မျက်ခုံးတန်းတန်း၊ နှုတ်ခမ်းရဲရဲလေးနှင့် ထိုကလေးက ဂျပိုးစားနေသည့် သွားလေးတွေနှင့်။ သူ့ကို အသံမထွက်ဘဲ ရယ်ပြနေသည်မှာလည်း ချစ်စရာအတိ။ မျက်တောင်စိုစိုနက်နက်လေးတွေက သူ့အိပ်ခန်းမှာ ကပ်ထားသည့် ကလေးပုံ ပိုစတာထဲကနှင့် တစ်ထပ်တည်း။ သူငုံ့ကြည့်တော့ ကလေးက ရယ်ပြကာ သူ့လက်ကိုဆွဲကာ ယမ်းရင်း ပြောလာသည်မှာ ....

"အန်တီ ညီလေးမွေးပြီး သားကိုပေးပါ"

"ဟင်"

"ညီလေးကို သားကိုပေးပါ။ အန်တီ့ဗိုက်ထဲက ညီလေးကို သားကိုပေးပါ"

"ဩော် ... အစက ဘာပြောမှန်း မသိဘူး။ ခုမှ သဘောပေါက်တယ်။ သားက ညီလေး လိုချင်တာလား။ အန်တီ့ဗိုက်ထဲက ညီလေးဟုတ်၊ မဟုတ် သား ဘယ်လိုသိလဲ"

"သားသိတယ် ... ညီလေး"

"ဟုတ်လား သားက သိလား။ အန်တီတောင် မသိဘူး။ ဟင်း ... မမသားလေးက ချစ်စရာလေးနော်"

"အဲဒါ သူလိုချင်တာ ရှိလို့ ချစ်စရာ ကောင်းနေတာရယ်။ မဟုတ်ရင် ပြောစကား ဆိုစကား တစ်စက်မှ နားထောင်တာ မဟုတ်ဘူး။ ဟုတ်တယ်မလား သား"

"မဟုတ်ဘူး။ သားက အခုလိမ္မာပြီ။ ညီလေး ပေးနော်"

"သားက ညီလေးလိုချင်နေတာ ညီမရေ။ အဲဒါ မမက မွေးမပေးလို့ဆိုပြီး အမေကို စိတ်ကူးရတိုင်း ရန်လုပ်နေတာ။ စောစောက ညီမကိုမြင်ပြီး အန်တီ့ဗိုက်ထဲက ညီလေး တောင်းပေးပါလုပ်နေလို့။ ဒါနဲ့ ဗိုက်ထဲက ကလေးလေးက သားလေးလား၊ သမီးလေးလား"

"သားလား သမီးလား မသိပါဘူး မမရယ်။ သူ့အဖေက ကြိုမသိချင်ဘူး ... သားလေးလား သမီးလေးလား စဉ်းစားပြီး ရင်ခုန်ချင်တယ်ဆိုလို့ ... မွေးမှပဲ သိရတော့မှာပဲ။ သားပဲဖြစ်ဖြစ် သမီးပဲဖြစ်ဖြစ် ကိုယ့်သားသမီးမှ ဖြစ်လာရင် ချစ်မှာပါပဲ"

(A/N ပုံမှန်ဆို ဒုတိယ သုံးလပတ် ultrasound ရိုက်တာနဲ့ သားသားလေးလား မီးမီးလေးလား သိရပါပြီနော်။ ဒီမှာတော့ ဇာတ်လမ်းအရမို့ ဒီအချက်လေးကို လက်ခံပေးစေချင်ပါတယ်။)

"ကဲ ကြားလား သား။ ညီလေးလား ညီမလေးလား အန်တီတောင် မသိဘူးတဲ့"

"သားသိတယ် သားသိတယ်။ ညီလေး"

"ဟုတ်ပါပြီရှင်။ ညီလေးမွေးရင် သားသားက ထိန်းပေးမှာလား"

"ထိန်းပေးမှာ။ သားတို့အိမ်ခေါ်သွားပြီး ပြန်မပို့တော့ဘူး။ အပိုင်ယူထားမှာ"

သားဖြစ်သူ၏အဖြေကြောင့် ဒေါ်ထက်ထက်လှိုင်ရော နန်းသူဇာပါ ပြိုင်တူရယ်မိကြသည်။

"မမွေးသေးတဲ့ကလေးကို သူ့အမေဆီက ဓားပြတိုက်နေတဲ့ မာမိ့သားလေး"

မိခင်က သူ့ခေါင်းကလေးကို ပွတ်ကာဆိုတော့ ဇက်ကလေးပုကာ ဂျပိုးစားနေသည့်သွားကလေးတွေ စိပြလေ၏။

"သား ပြန်ရအောင်။

ညီမ … ခွင့်ပြုပါဦး။ အကူအညီလိုတာရှိရင် ပြောနော်။ အားမနာနဲ့။ မပေါ့မပါးကြီးနဲ့ဆိုတော့ ဂရုစိုက်ဦး"

"ဟုတ်ကဲ့ မမ။ ကျေးဇူးတင်ပါတယ်။ သားသား တာ့တာ"

"တာ့တာ အန်တီ"

သူ့ကို တာ့တာပြပြီး လှည့်ကြည့်လှည့်ကြည့်နှင့် မိခင်လက်ဆွဲခေါ်ရာပါသွားသော ထိုကလေးနှင့် အိမ်ပြောင်းလာလာချင်း လာနှုတ်ဆက်သော

ထိုအစ်မကို နန်း အတန်ကြာ ရပ်ကြည့်နေမိသည်။

သူ့နာမည်က နန်းသူဇာ။ မိဘ သဘောမတူသည့်ကြားက မောင့်မျက်နှာ တစ်ရွာမှတ်ကာ မောင့်နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့သည့် နန်းသူဇာ။ မြတ်ဘုဏ်းခေတ်နှင့် အိမ်ထောင်ကျပြီးနောက် ယောက္ခမအိမ် လိုက်နေခဲ့သည်။ အစပိုင်းတွင်တော့ ယောက္ခမများက နန်းကို သမီးလေး သဖွယ် ချစ်ခင်ကြသည်။ ရွှေပေါ်မြတင်ဘဝမှ လူလတ်တန်းစား သူတို့သား နောက် လိုက်ခဲ့သူလေးကို ကရုဏာသက်ကြသည်။

သို့သော် ခင်ပွန်းဖြစ်သူ၏ အစ်ကိုနှင့်မရီး၏ နေ့စဉ်မပြတ် အကွက်စေ့လှ သော သွေးထိုးမှုများကြောင့် ယောက္ခမများက သူ့ကို မကြည်ဖြူချင်တော့။ ထို့ကြောင့် နှစ်ဦးနှစ်ဖက် အမုန်းမပွားရမီ အိမ်ခွဲနေချင်ကြောင်းပြောတော့ မြတ်ဘုဏ်းခေတ်ကလည်း သဘောတူသည်။ ထို့နောက် တစ်ဦးတည်း သောမြေးမလေးအား သံယောဇဉ်မပြတ်နိုင်သူ ဘိုးဘိုး၊ ဘွားဘွားတို့၏ အကူအညီဖြင့် နန်းသူဇာတို့၏ ဘိုးဘွားပိုင်ခြံလေးသို့ ပြောင်းခဲ့ကြခြင်း ဖြစ်သည်။

အိမ်ပြောင်းလာလာချင်းမှာပင် သူ့ကို ယခုကဲ့သို့ ခင်ခင်မင်မင် လာ နှုတ်ဆက်သည့် ထိုအစ်မကို ကျေးဇူးတင်မိသည်။ ပြီးတော့ သားလေးလား သမီးလေးလား မသိသည့် မိမိရင်သွေးလေးကို မမြင်ရခင်ကတည်းက ချစ် ပေးနေသည့် ထိုကလေးလေးကိုလည်း သဘောကျမိပါသည်။

"နန်း ... ဘာတွေသဘောကျပြီး ပြုံးနေတာလဲ မိန်းမရ"

"ဟိုခြံက သားအမိလေ ... စောစောက နန်းကိုလာနှုတ်ဆက်တယ်။ အဲဒါ အဲဒီကလေးလေးက နန်းဗိုက်ထဲက ကလေးကို ညီလေးမွေးမှာ ... မွေးရင် သူ့ကိုပေးပါနဲ့ လုပ်နေတာ"

"ဟုတ်လား။ မောင်တို့ကလေးလေးက မွေးတောင် မမွေးသေးဘူး ... ချစ်

မယ့်သူတွေ ရှိနေပြီ"

"ဟုတ်ပဲ့ မောင်ရယ်"

နန်းဗိုက်ပူပူကလေးကို လက်ကလေးနဲ့ ပွတ်ပြီး ပြောနေသည့် မောင့်ကို သဘောတကျ ပြန်ကြည့်ပြီး ပြုံးမိပါသည်။ သူ့ကလေးကို ချစ်မည့်သူတွေရှိနေတာကြောင့် မောင်က ပျော်နေသည်။

ပြုံးပျော်နေတဲ့မောင့်မျက်နှာလေးက နန်းအတွက်လည်း အမောပြေစေတယ် မောင်။

***

# ခိုနားရာ (၂)

သဘောကောင်းလှသည့် တည်ကြည်ခန့်နှင့် ထက်ထက်လိုင်တို့ မိသားစု နှင့် အိမ်ပြောင်းလာသည့် မြတ်ဘုဏ်းခေတ်နှင့် နန်းသူဇာတို့ ဇနီးမောင်နှံမှာ သားတည်မြဲစေကို အကြောင်းပြု၍ အချိန်တိုအတွင်းမှာပင် နှစ်အိမ့်တစ်အိမ် ဖြစ်လာကြသည်။

သားစေဆိုသည်မှာ သူ့မေနန်းအနားမှ မခွာ။ မူကြိုကိုပင် မမွေးသေးတဲ့ ကလေးနှင့် ကိုင်ပေါက်ကာ အတင်းချော့မော့ လွှတ်နေရသည်။ မေနန်းကို ချစ်လွန်း၍တော့မဟုတ်။ သူ့အကြံနှင့်သူမို့ "မေနန်း မေနန်း" နှင့် ပါးစပ်ဖျားကမချ အတင်း ကပ်ဖားနေခြင်းသာ။

မူကြိုကျောင်းက ပြန်ရောက်သည်နှင့် အိမ်တွင် တစ်နာရီပြည့်အောင် မနေ။ သူ့မေနန်းဆီသာ အတင်းပြေးသည့်သားစေ။ ခင်ပွန်းသည် အလုပ်သွားချိန် အိမ်မှာတစ်ယောက်တည်း ကျန်ခဲ့သည့် နန်းသူဇာအတွက်တော့ သားစေရှိတာ တကယ်ကို အပျင်းပြေစရာ။ နှစ်အိမ်ပေါင်းမှ ကလေးတစ်ယောက်တည်း ဖြစ်နေတာကြောင့် သားစေတို့က ဟိုဘက်ညာစား၊ ဒီဘက်ညာစား။

အထီးလေးလား၊ အမလေးလား မသိရသေးသည့် မေနန်းဗိုက်ထဲက ကလေးလေးကိုလည်း သူ့ခမျာ "ညီလေး ညီလေး" ခေါ်ခေါ်ပြီး ချစ်ရသည်မှာ အမော။

မြတ်ဘုဏ်းခေတ်က နန်းသူဇာ ဗိုက်ကလေးကို နားလေးကပ်ပြီး နားထောင်သည်ကို မြင်ဖူးထားသည့် သားစေသည် ကစားနေရင်းကပင်

မြတ်ဘုဏ်းခေတ်လုပ်သလို လာလာလုပ်တတ်သည်။ တစ်ခါတလေ ကာတွန်းကားကြည့်နေရင်းမှ ထလာပြီး နားထောင်တတ်သည်။

တစ်ခါတစ်ရံ ဗိုက်ကလေးအား လာလာနမ်းတတ်သေးသည်။ မြတ်ဘုဏ်းခေတ်လုပ်တာ မြင်ဖူးသမျှ သူအကုန် လိုက်လုပ်တတ်သည်။

ညနေဘက် မြတ်ဘုဏ်းခေတ်နှင့်နန်းသူဇာ လမ်းလျှောက်ထွက်လျှင်လည်း သူပါတတ်သည်။ နန်းသူဇာက ဗိုက်ကလေးကို လက်နှစ်ဖက်ဖြင့်ပွေ့ကာ တကျွတ်ကျွတ် လုပ်လျှင်လည်း ဗိုက်ထဲကကလေး နေမကောင်းသည်ထင်၍ စိုးရိမ်တတ်သည်က အထိတ်ထိတ်အပျာပျာ။

မမြင်ရသေးသည့်ကလေးကို သံယောဇဉ်တွယ်နေရှာသည့် တည်မြဲစေသည် မေနန်းကို ချစ်နေပုံမှာ ဖောက်ပြီးလျှင် ထွက်လာသမျှ သူရမည့်စုဘူးလေးအား အရိပ်တကြည့်ကြည့် ဆန်းစစ်နေသလို။

သူ့ကိုကြည့်ပြီး နန်းသူဇာပါ သားလေးမွေးပါစေဟု ဆုတောင်းနေရသည့်အဖြစ်။ သို့သော် အရာအားလုံးဟာ မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာနိုင်ပါ့မလား ....။

"မေနန်း ... အဲ အဲ ... ညီလေးက ကန်နေတယ်။ သားကြားလိုက်တယ် ... ကန်နေတဲ့အသံ"

မြတ်ဘုဏ်းခေတ် လုပ်ပြထားသည့်အတိုင်း မေနန်း၏ဗိုက်ပေါ် နားကပ်ကာ နားထောင်ပြီး ညီလေးက ကန်နေသည်ဟု ပြောနေသည့်သားစေ။

ဗိုက်ထဲက,ကလေးက တကယ်မကန်သော်လည်း သားစေစိတ်ချမ်းသာစေရန် နန်းသူဇာ ပြောပေးလိုက်သည်။

"ဟုတ်လား ... ညီလေးက ကန်နေတာလား။ ညီလေးက သူ့ကိုကို,ကိုနှုတ်ဆက်နေတာ ဖြစ်မယ်"

"ဟုတ်တယ်။ ညီလေးက သားလာတာသိလို့ နှုတ်ဆက်နေတာ"

ညီလေးက သူ့ကို နှုတ်ဆက်နေသည်ကြောင့် သဘောအကျကြီးကျကာ ဂျပိုးစားနေသည့် သွားလေးများစိ၍ တဟီးဟီး ရယ်ပြနေသေးသည်။

"မေနန်း ... ညီလေးက သားလာတာကို ဘယ်လိုလုပ် သိသွားတာလဲ"

"ဟင်"

"ဟုတ်တယ်လေ။ ညီလေးက ဗိုက်ထဲမှာ ရှိသေးတာ ... မြင်မှမမြင်ရတာ ... သားလာတာကို ဘယ်လိုလုပ် သိသွားတာလဲ"

"သိတာပေါ့။ ညီလေးက သူ့ကိုကိုလာရင် သိတယ်။ သားစေ့အသံကြားတာနဲ့ ညီလေးက "ဟာ ငါ့ကိုကိုလာပြီကွ" ဆိုပြီး သိသွားတာ"

"ဟုတ်လား"

မေနန်းအဖြေကို သဘောကျကာ တဟီးဟီးရယ်ပြန်ရင်း မေနန်းဗိုက်လေးအား လက်ဝါးသေးသေးလေးဖြင့် ညင်ညင်သာသာ ပွတ်ပေးနေပြန်သည်။

"ညီလေး ... မြန်မြန် ထွက်လာတော့နော်။ ကိုကိုက မုန့်တွေလည်း ဝယ်ကျွေးမယ်။ အရုပ်တွေလည်း ပေးမယ်နော်။ ကာတွန်းကားလည်း အတူတူကြည့်ကြမယ်နော်"

ပြောပြီးသည်နှင့် မေနန်းဗိုက်ကို ညီလေးအမှတ်နှင့် နမ်းလိုက်သေးသည်။

နန်းသူဇာ သပ်သပ်ရပ်ရပ်ဖြီးထားသည့် သားစေ့ခေါင်းလေးကိုပွတ်ရင်း သားစေကို ပြုံးကြည့်နေမိသည်။

"သားရေ ... ဘယ်နှနာရီရှိပြီလဲ။ နာရီကြည့်ဦး"

အိမ်ထဲဝင်ရင်းအော်လာသည့် မာမီ့အသံကြောင့် သားစေ မေနန်းကို မော့ကြည့်ကာ ရယ်ပြလာသည်။ ထို့နောက် နံရံတွင်ချိတ်ထားသည့်

တိုင်ကပ်နာရီကို မော့ကြည့်လိုက်သည်။

"ဘယ်နှနာရီထိုးပြီလဲ"

အနားရောက်လာကာ မေးလာသောမာမီ့ကို သားစေ လက်နှစ်ချောင်း ထောင်ပြရင်း ဖြေလိုက်သည်။

"နှစ်နာရီ"

"နှစ်နာရီဆို ဘာလုပ်ရမှာလဲ"

"အိပ်ရမှာ"

မူကြိုမသွားရသော နေ့များတွင် နေ့လယ်နှစ်နာရီသည် သားစေ၏ အိပ်ချိန်ဖြစ်သည်။ အိပ်ချိန်အမီပြန်လာရန် မှာလိုက်သော်လည်း ပြန်မလာသည့် သားတော်မောင်ကို ဒေါ်ထက်ထက်လှိုင် ကိုယ်တိုင် လိုက်ခေါ်ရတော့သည်။ မိခင်လာခေါ်တော့လည်း ပြန်လိုက်ရမည်ပင်။

"နန်းလည်း သူ့ကို ထိန်းနေရတာနဲ့ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး"

"ရပါတယ် မမရယ် ... မထိန်းရပါဘူး။ သူ့ဘာသာသူ ကစားလိုက်၊ ဗိုက်လာပွတ်လိုက်၊ ညီလေးကို စကားတွေပြောလိုက် လုပ်နေတာပါ"

"ကလေးက ညီလေးဖြစ်မှ ဖြစ်လိမ့်မယ်နော်။ မဟုတ်ရင် ကိုကိုငိုလိမ့်မယ်"

သားစေတင်မက ဒေါ်ထက်ထက်လှိုင်ပင် ဗိုက်ကလေးကို ငုံ့ကြည့်ကာ စကားပြောလေသည်။

"နန်းလည်း အရင်ကတော့ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ်ဆိုပေမဲ့ အခုတော့ သားစေကြောင့် သားလေးမွေးပါစေပဲ ဆုတောင်းနေရတယ် မမရယ်"

လူကြီးနှစ်ယောက် စကားပြောနေစဉ် သူကစားထားသည့် အရုပ်များကို သိမ်းပြီးသွားသည့် သားစေသည် မေနန်းအနားသို့ ကပ်လာပြန်သည်။

"ညီလေး ... ကိုကို အိမ်ပြန်လိုက်ဦးမယ်နော်။ အိပ်ပြီးရင် လာခဲ့မယ်နော်"

မေနန်းဗိုက်ကလေးကို ထိကာ ချော့ချော့မော့မော့ ပြောနေသည်မှာ တကယ့်ကလေးလေးကို ပြောနေသည့်နှယ်။

"မေနန်းကိုရော နှုတ်ဆက်ဦးလေ သားရဲ့"

"မေနန်း တာ့တာ"

ထို့နောက် မိခင်လက်ကိုဆွဲ၍ မိခင်နှင့်အတူ အိမ်ပြန်သွားလေ၏။

***

လအနည်းငယ်ကြာသော် ... ....

"မာမီ ဒီနေ့ မေနန်းဆီ သွားရင် သားလည်းလိုက်မယ်"

"ဘာလို့လိုက်နေမှာလဲ သားရဲ့။ နေခဲ့ပါ။ ဟိုနေ့ကလည်း ရောက်ပြီးပြီကို"

"ဒီနေ့ ထပ်လိုက်ချင်သေးတယ်"

"မလိုက်နဲ့တော့။ မေနန်းက မနက်ဖြန်ဆို ဆေးရုံက ဆင်းတော့မှာ။ အဲဒီကျမှ မေနန်းအိမ်သွားတော့"

"တကယ်နော်"

"တကယ်ပေါ့"

တကယ်နော် ဆိုပြီး နှာခေါင်းလေးပေါ် လက်ညှိုးလေးတင်ကာ မေးနေသည့် သားတော်မောင်ကို အသည်းယားစွာ ခေါင်းလေးပွတ်၍ အဖြေပေးလိုက်သည်။

နန်း ကလေးမမွေးခင် တစ်ရက်အလို ဆေးရုံကြိုတက်ရသည့်နေ့ကတည်းက သားစေတစ်ယောက် "မေနန်းဆီ သွားချင်တယ် လိုက်ပို့" ချည်းသာ ကျီကြနေတော့သည်။ သို့သော် ဆေးရုံလိုနေရာမျိုးက ကလေး

ငယ်ခေါ်သွားလို့ ကောင်းသည့်နေရာမဟုတ်။

နန်းမွေးဖွားပြီးသည်ကို ကြားသည်နှင့် ကလေးကြည့်ချင်လွန်းနေသည့် သားစေကလေး တလှုပ်လှုပ်တရွရွ ဖြစ်နေသည်မှာ သနားစရာပင် ကောင်းနေတော့သည်။ နန်းကလည်း သားစေကို ခေါ်လာပေးပါ တောင်းဆိုတာကြောင့် လွန်ခဲ့တဲ့နှစ်ရက်က ခေါ်သွားပေးလိုက်သည်။

သို့သော် ဆေးရုံရောက်လျှင် မာမီ့စကား နားထောင်ပါမည်ဟူသည့် သားစေ၏ကတိမှာ ကလေးမျက်နှာ မြင်လိုက်သည်နှင့် လေထဲသို့ အငွေ့ပျံသွားတော့သည်။ အိမ်ပြန်ချိန်ရောက်သည့်တိုင် မေနန်းနဲ့ ဆေးရုံမှာပဲ နေခဲ့ချင်ပါသည် တွင်တွင်ဆိုတာ ခြေကန်ရုန်းနေသည့်သားစေကြောင့် နန်းလည်း ဆေးရုံမှ အမြန်ဆုံး ဆင်းနိုင်ရန် ကြိုးစားရပါတော့သည်။

***

မူကြိုသွားရန်အရေး နာရီဝက်လောက် ချော့နှိုးရတဲ့ တည်မြဲစေတို့ ယနေ့ မည်သူ့ပယောဂမျှ မပါဘဲ အစောကြီး နိုးနေလေပြီ။ နိုးနိုးချင်း အောက်ထပ်ဆင်းလာကာ မာမီ့ကိုရှာပြီး ရေချိုးပေးခိုင်းသည်။ သနပ်ခါးလိမ်းပေးခိုင်းသည်။

မနေ့ကအထိ ဒါတွေက အတင်းချော့မော့ပြီး လုပ်ပေးရသည့်အလုပ်တွေ။

ထို့အပြင် မနက်စာလည်း ကောင်းကောင်းစားပြီး သူ့လွယ်အိတ်သူ တက်ယူသည်။ ယနေ့ တည်မြဲစေ အလွန်ပင် လိမ္မာနေပါသည်။

ကျောင်းဆင်းလို့ အိမ်ပြန်ရောက်တော့လည်း လိမ်လိမ်မာမာပင် ကျောင်းဝတ်စုံအလဲခံသည်။

ပုံမှန်ဆိုလျှင် ရေ အရင်သောက်မည်၊ မုန့် အရင်စားမည်၊ အီး အရင်ပါမည်နှင့် ကကြီးကကြောင်ကျကာ ပတ်ပြေးနေသဖြင့် သူ့ကိုလိုက်ဖမ်းရတာ

အလုပ်တစ်ခုလို ဖြစ်နေသည်။ ယနေ့တော့ ကျောင်းဝတ်စုံလဲပြီးသည်နှင့် မုန့်စားသည်၊ လက်ကို သေချာဆေးသည်။

လက်ကို သေချာ သုတ်ပြီးနောက် ဆိုဖာပေါ်ထိုင်နေသည့် မိခင်ရင်ခွင်ထဲ အတင်းတိုးဝင်ပြီး ပါးနှစ်ဖက်အား ဘယ်ပြန်ညာပြန် နမ်းသည်။ ထို့နောက် မိခင်အား မျက်နှာချိုသွေးလျက်....

"မာမီ မေနန်းဆီ သွားလို့ရပြီလား"

မိခင် ခေါင်းညိတ်ပြလိုက်သည်နှင့် ရင်ခွင်ထဲမှ လျှောဆင်းကာ မိခင်ကိုပင် မစောင့်နိုင်ဘဲ မေနန်းအိမ်သို့ တန်းနေအောင်ပြေးတော့သည်။

"မေနန်းရေ မေနန်း ... သားလာ ...."

အသံစွာစွာကလေးနှင့် တကြော်ကြော်အော်ရင်း အိပ်ခန်းထဲဝင်လာရာမှ ပုခက်ထဲတွင် အိပ်နေသည့်ကလေးကို မြင်သည်နှင့် ဇက်ကလေးပုကာ လျှာ တစ်လစ်ကလေး ထွက်လာသည်။ ထို့နောက် သူ့မာမီဘက်သို့လှည့်ပြီး မျက်လုံးလေးပြူး၊ နှုတ်ခမ်းလေးကိုထော်ကာ လက်ညှိုးလေးနှင့် ကန့်လန့် ပိတ်ပြသည်။ ဒါ "ရှူး တိုးတိုး။ ကလေးအိပ်နေတယ် ... အသံမထွက်နဲ့" ပေါ့။

အခန်းထဲသို့ ခြေသံဖွဖွ ကြွဝင်လာပြီး စားပွဲပေါ်တင်ထားသည့် လက်သန့် ဆေးဘူးကိုယူကာ သူ့လက်တွေကို သန့်စင်နေသည်။ နန်းသူဇာဘေး ဝင် ထိုင်နေသည့် မာမီ့လက်ထဲကိုပါ လက်သန့်ဆေး ထည့်ပေးလေသည်။

ထို့နောက် ပုခက်ဆီလျှောက်သွားကာ အိပ်ပျော်နေသည့် ကလေးလေး၏ လက်ကလေးကို အသာလေးကိုင်လိုက်၊ ပါးလေးကို ဖွဖွထိလိုက်နှင့် သဘောအကျကြီးကျကာ တစ်ယောက်တည်း အလုပ်တွေ ရှုပ်နေပါ တော့သည်။

ဝင်လာစဥ်က "မေနန်း မေနန်း" အော်ဝင်လာသူသည် ယခုတော့ မေနန်းကို အဖက်ပင်မလုပ်တော့ပေ။

"သားစေက မေနန်းဆီ လာတာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ။ သားက မေနန်းကို သတိရလို့"

ပါးစပ်က ပြန်ဖြေနေသော်လည်း လူရော မျက်လုံးပါ ကလေးဆီမှမခွာ။

"ဟုတ်လား ... မေနန်းလည်း သတိရနေတာ။ ဆေးရုံမှာ ၅ ရက်လောက် သွားနေလိုက်ရတော့ မေနန်းရဲ့သားစေလေးကို လွမ်းနေတာ။ လာပါဦး ... မေနန်းဆီလာပါဦး"

"ဟုတ် သားက မေနန်းကို စိတ်ပူနေတာ။ မေနန်း နေကောင်းလား"

ထိုတော့မှ မေနန်းဆီလာကာ ခုတင်ပေါ်ထိုင်နေသည့် မေနန်းနဖူးကို မမိမကမ်း ခြေဖျားထောက်ကာ သူ့လက်ဝါးသေးသေးလေးဖြင့် စမ်းကြည့်နေ၏။

"အမယ် ... အလည်လေး ... ခုမှ ..."

မေနန်းက ဟွန့်ခနဲ နှာမှုတ်ကာ စိတ်ကောက်ပြတော့ သွားလေးစိကာ ဟီးခနဲ ရယ်ပြလေ၏။

"သား မေနန်းဗိုက်ကို မဖိမိစေနဲ့။ မေနန်းက ဗိုက်ခွဲပြီး ပြန်ချုပ်ထားရတာ။ ချုပ်ရိုးတွေ ပွင့်ကုန်လိမ့်မယ်"

"ဟုတ်"

မာမီ့စကားအား "ဟုတ်" ဟုဖြေပြီးနောက် ညာလက်ညှိုးလေးအား ဂျပိုးစားနေသည့် သွားကလေးတွေနှင့်ကိုက်ကာ ခြေနှစ်ဖက်ကို တစ်လှည့်စီကြွရင်း ကိုယ်ကို ဘယ်ညာယိမ်းလျက် ....

"မေနန်း"

"ရှင်"

"ဟီး"

"ပြောလေ ... ခေါ်ပြီး ဘာမှမပြောဘဲ ရယ်ပြနေတယ်"

"ဟီး"

"ဟော်တော် ... ဘာမှမပြောဘဲ ရယ်ပဲပြနေ"

"မေနန်း သားကိုပေးမှာလား"

"ဘာပေးရမှာလဲ"

သားစေ ဘာကိုဆိုလိုသည်သိသော်လည်း စချင်သေးတာကြောင့် နားမလည်ဟန်နှင့် မေးလိုက်တော့ ပုခက်ကို လက်ညှိုးလေးနှစ်ချက်ထိုးပြကာ မျက်လုံးလေးတွေ မှိတ်ကျသွားတဲ့အထိ ရယ်ပြလာ၏။

"မပေးနိုင်ပါဘူးတော်။ ကျုပ်တောင် ခက်ခက်ခဲခဲနဲ့ မွေးထားရတာ ... ပေးစရာလား"

"ဟင့် မေနန်းပဲ ပေးမယ်ပြောထားပြီးတော့"

"ဘယ်တုန်းက ပြောမိလို့လဲ ... မပြောမိပါဘူး"

"ပြောတယ်လေ။ ညီလေးမွေးပြီး သားကို ပေးမယ်လို့ ပြောထားတာလေ ... နော် မာမီ နော်"

အားကိုးတကြီး တပ်ကူခေါ်သော်လည်း မိခင်က သူ့ဘက်ပါမလာဘဲ မသိချင်ဟန်ဆောင်နေသည်ကြောင့် တည်မြဲစေတို့ တင်းလေပြီ။ မျက်နှာကလေး စူပုပ်ပုပ်နှင့် နှုတ်ခမ်းပိစိက ရှေ့တစ်တောင်လောက် ထော်လာကာ ....

"ဒါဆို မပေးဘူးလား"

စိတ်ကောက်သွားသည့် အသံသေးသေးက ဘောက်ဆတ်ဆတ်။

"မပေးပါဘူး"

"ဒါဆို ရောင်း။ မပေးရင် ဝယ်မယ်။

...

မာမီ မေနန်းကို ပိုက်ဆံပေးလိုက်"

သူဌေးသားလေးက ဒီအတိုင်း မပေးလျှင် ပိုက်ဆံပေးဝယ်မည့်သဘော။

"မာမီလိုချင်တာမှ မဟုတ်တာ ... ဘာလို့ မာမီက ပေးရမှာလဲ။ မပေးနိုင်ပါဘူး"

"သားကြီးရင် ပိုက်ဆံရှာပြီး မာမီ့ကို ပြန်ပေးမှာပေါ့"

"ကဲ မေနန်းက ညီလေးပေးရင် သားက မေနန်းကို ပိုက်ဆံ ဘယ်လောက်ပေးမှာလဲ"

"အများကြီးပေးမယ်။ မေနန်း တောင်းသလောက်ပေးမယ်"

"အေး ပြီးရော။ ဒါဆို ရောင်းမယ်။ မေနန်းတောင်းသလောက် ပေးရမှာနော်"

ထိုအခါမှ ထော်နေသည့်နှုတ်ခမ်းလေး ပြန်ဝင်သွားပြီး စူပုပ်ပုပ်မျက်နှာလေးလည်း ပြုံးလာကာ ပလီပလာပုံမှန်ဟန်ကလေးဖြင့် ....

"ပေးမယ်။ အခုတော့ သားမှာ ပိုက်ဆံမရှိသေးဘူး။ မာမီကလည်း မပေးဘူး။ အကြွေးမှတ်ထား"

"ဟုတ်ပါပြီရှင် ... အကြွေး မှတ်ထားလိုက်ပါ့မယ်"

"ဒါဆို ဝယ်လိုက်ပြီနော်။ သားပိုင်ပြီနော်"

"အင်း"

"မာမီ ပြန်မယ်။ ကလေးခေါ်ခဲ့တော့"

ဤသည်က မေနန်းကို သတိရလို့ လာသည့် တည်မြဲစေပါလေ။

"ချက်ချင်းကြီးခေါ်သွားလို့ မရသေးဘူးလေ သားစေရယ်။ ကလေးကို နို့တိုက်ရဦးမှာလေ။ သားမာမီက နို့မှမထွက်တာ။ မေနန်းနဲ့နေမှ ညီလေးက နို့စို့ရမှာပေါ့။ ခေါ်ချင် ကြီးမှခေါ် ဟုတ်ပြီလား"

ထိုသို့ပြောလိုက်တော့လည်း ခပ်တွေတွေကလေး စဉ်းစားခန်းဝင်နေပြန်သေးသည်။ အတန်ကြာမှ ခေါင်းလေးတစ်ချက်ညိတ်ကာ ....

"ဟုတ်"

"နန်း ... ကလေးအတွက် နာမည် ရွေးပြီးပြီလား"

"မရွေးရသေးဘူး မမ။ သူ့အဖေကတော့ စဉ်းစားထားတာ သုံးခုလောက်ရှိတယ်။ သုတဉာဏ်၊ သတိုးခေတ်၊ ဖွဲ့သုတ တဲ့။ နန်းတော့ ရက် ၁၀၀ ပြည့်မှပဲ နာမည်ပေး ကင်ပွန်းတပ် လုပ်မလားလို့"

"ကောင်းသားပဲ အဲလိုလည်း"

"နာမည် သားရွေးပေးမယ်"

"သားက ဘာနာမည်ပေးချင်လို့လဲ"

"သတိုးခေတ်"

***

## ခိုနားရာ (၃)

အူဝဲ ... အူဝဲ ... အူဝဲ ... ....

"မေနန်း ... ညီလေးငိုနေပြီ"

နန်းသူဇာ ပုံပြင်စာအုပ် ဖတ်ပြနေသည်ကို နားထောင်နေသည့် သားစေသည် ပုခက်ထဲမှ ကလေးငိုသံကြားသည်နှင့် ပါးစပ်ကလည်း မေနန်းအားသတိပေးကာ လူကတော့ ခုတင်ပေါ်မှ ခုန်ဆင်းပြီး အပြေးအလွှားပုခက်သွားလွှဲလေပြီ။ လက်က ပုခက်ကိုလွှဲကာ ခေါင်းကတော့ သူ့ညီလေးမျက်နှာအား ငုံ့ကြည့်နေလေ၏။

"ညီလေး အိပ်နော် အိပ်နော် အိပ်တော့နော်"

အူဝဲ ... အူဝဲ ... အူဝဲ ... ....

"အေး သားလေး မေမေလာပြီ ... မေမေလာပြီ ... ကျွတ် ကျွတ် ကျွတ်"

"သားစေ ... ပုခက်မလွှဲနဲ့တော့။ ညီလေးက ဗိုက်ဆာလို့ငိုတာ။ ဟုတ်တယ်မလား သား။ သားလေးက ချိုချိုစို့ချင်လို့ ငိုတာမလား"

နန်းသူဇာ ကလေးအား ပုခက်ထဲမှ ပွေ့ချီကာ ခုတင်ပေါ်ထိုင်ပြီး နို့တိုက်လိုက်တော့ တအူဝဲဝဲငိုနေသည့် နီတာရဲလေးမှာ ချက်ချင်းပင် အငိုတိတ်သွားသည်။ အိပ်လိုက်၊ ငိုလိုက်၊ အီးအီးပါလိုက်နှင့် သံသရာလည်နေသည့် နှစ်ပတ်သား သတိုးခေတ်ကလေးသည် နို့ကိုလည်း တပွတ်ပွတ်နှင့် ကောင်းကောင်းစို့တတ်နေပါပြီ။

သားစေလည်း ညီလေး၏ ခေါင်းရင်းပိုင်းမှ ထိုင်ကာ နို့စို့နေသည့်ညီလေး

အား ငုံ့ကြည့်နေသည်မှာ နန်းသူဇာရင်ခွင်ထဲ သူပါ ဝင်တော့မလို။

"မေနန်း ... ခေတ်က နို့စို့ချင်လို့ ငိုတာလား၊ နို့စို့ပြီး မအိပ်တော့ဘူးလား၊ သားချီချင်လို့ရလား"

"သားချီလို့မရသေးဘူး။ သားက ညီလေးကြီးမှ ချီနော်။ အခု ညီလေးက နို့စို့ပြီး ခဏနေ ရေချိုးတော့မှာ"

"ဒါဆို သားဝယ်ပေးထားတဲ့ ဆပ်ပြာနဲ့ ချိုးပေးနော်"

ပြီးခဲ့သည့်အပတ်က မိဘများနှင့် ဈေးဝယ်ထွက်သည့် သားစေသည် ညီလေးအတွက် ကလေးသုံးပစ္စည်းလေးများ မှတ်မှတ်ရရ ဝယ်လာပေးသည်။ ထို့ကြောင့် သူ့ညီလေးအား သူဝယ်လာပေးသည့် ရေချိုးဆပ်ပြာနှင့် ရေချိုးပေးခိုင်းနေခြင်းဖြစ်သည်။ ရေချိုးပေးပြီးလျှင်လည်း 'သားဝယ်ပေးထားတဲ့ အင်္ကျီလေးဝတ်ပေးနော်' ဟူ၍ တောင်းဆိုပေလိမ့်ဦးမည်။

***

"သားလေး ... သားက မေမေ့ကို ကြည့်နေတာလား ... ဟုတ်လား"

စာကြိုးစားနေသည့် မူကြိုကျောင်းသား သားစေ အနီးတွင် နန်းသူဇာတစ်ယောက် သားဖြစ်သူအား ချော့မြှူနေ၏။ လသားလေး သတိုးခေတ်သည် မိခင်မျက်နှာ၊ မိခင်ကိုယ်သင်းနံ့ကို မှတ်မိရုံမက အသံလာရာကိုလည်း ကြည့်တတ်နေပြီ။

အဲ့ ... အဲ့ ... ....

ကလေး၏ အဲ့အဲ့သံကြားတော့ စာကြိုးစားနေသည့် အမောင်ကျောင်းသားကြီး သည်းမခံနိုင်တော့။ စာရေးနေရာမှ ထလာကာ ....

"ခေတ်ရေ ... ဒီမှာကြည့် ... ကိုကို့ကိုရော ကြည့်"

"သားကိုကိုက သူ့ကိုရော ကြည့်ပါဦးတဲ့။ ကြည့်လိုက်ပါဦး ... ကိုကို့ကို

ကြည့်လိုက်ပါဦး"

"မေနန်း ခေတ်က သားကိုကြည့်နေတယ် ... သားကို ကြည့်နေတယ် ဟီး ဟီး"

ခေတ်က သူ့ကို တကယ်ကြည့်သည် မကြည့်သည်၊ သူ့ကို တကယ် မြင်သည် မမြင်သည် သားစေ မသိ။ သားစေသိသည်မှာ သူ့ညီလေး၏ မျက်လုံးပြူးပြူးလေးတွေကို ကြည့်မည်။ ကလေးဘက်က လှုပ်ရှားမှု တစ်ခုခုရှိလာလျှင် ဒါဟာ ခေတ်က သူ့ကို ကြည့်တာပင်။

***

"မေနန်း ခေတ်ကို သားချီချင်လို့ ... သားပေါ်တင်ပေး"

တင်ပျဉ်ခွေထိုင်နေသည့် သားစေအပေါ်သို့ ခေါင်းအုံးတစ်လုံးတင်ကာ ထိုခေါင်းအုံးပေါ် ခေတ်ကလေးကို တင်ပေးလိုက်လျှင် သားစေ သိပ်ပျော်သည်။ သူ့ညီလေးမျက်နှာကို ငုံ့ငုံ့ကြည့်ကာလည်း ချော့မြူတတ်သေးသည်။ သူ့ရှေ့တွင် လူကြီးတွေလုပ်ပြသမျှ အရာအားလုံးကို မှတ်ထားပြီး ပြန်လုပ်သည်။

"ခေတ်က ကိုကို့ကို ကြည့်နေတာလား ... ဟုတ်လား"

"အဲ မာမီ ... ခေတ်က သားကို ရယ်ပြနေတယ်"

"မာမီ ဒီမှာလာကြည့်"

ခေတ်ကလေး ပါးစပ်လေးဟကာ မျက်နှာလေးရှုံ့သွားလျှင်ပင် သူ့အား ပြုံးပြသည်၊ ရယ်ပြသည်ဆိုကာ တစ်ယောက်ယောက်ကို အတင်းလာကြည့်ခိုင်းသည်။ လာမကြည့်မချင်း အော်ခေါ်တတ်သည်။ 'အဲ ဟုတ်သားပဲ ခေတ်က သားကို ရယ်ပြနေတာ' ဟုပြောလိုက်မှ ကျေနပ်တတ်သည့် သားစေပါပင်။

***

ဖခင်အခန်းထဲမှ video recorder ကို ယူပြီး ကျောင်းမသွားခင် ညှော်ခန်းတွင် အလုပ်ရှုပ်နေသည့် သားစေ။

"သားစေ ... ကျောင်းသွားမယ်"

"ဟုတ် မာမီ။ ခေတ်ကို သွားနှုတ်ဆက်လိုက်ဦးမယ်နော်"

သူငယ်တန်း ကျောင်းသားကြီးသားစေဟာ အရင်လို ခေတ်အနား တောက်တဲ့လို ကပ်မနေနိုင်တော့ပါ။ သူ့ခမျာ ကျောင်းတက်ရရှာသေးသည်။

မင်္ဂလာပါခင်ဗျ။ ကျွန်တော့်နာမည် မောင်တည်မြဲစေပါခင်ဗျ။ အခုဆို အတန်းကျောင်းတွေဖွင့်လို့ ကျွန်တော် တည်မြဲစေ သူငယ်တန်း ကျောင်းသား ဖြစ်နေပါပြီခင်ဗျ။ ကျောင်းကို ဘဘအေးမောင်းတဲ့ကားနဲ့ မာမီက လိုက်ပို့ပါတယ်ခင်ဗျ။ ဒါပေမဲ့ ကျောင်းမသွားခင် မပျက်မကွက်လုပ်ရမယ့် တာဝန်တစ်ခု ရှိပါတယ်။ အဲဒါဘာလဲဆိုတော့ ညီလေးခေတ်ကို နှုတ်ဆက်ရတာပါခင်ဗျ။

အခုဆို ခေတ်က သုံးလသားလေး ဖြစ်နေပြီ။ ကျွန်တော့်မျက်နှာကိုလည်း သိနေပြီ။ ရယ်လည်း ရယ်ပြတယ်ဗျ။ ခေတ်ရယ်တာလေးက အူယားစရာလေး။ ပါးလေးကလည်း ဖောင်းဖောင်းအိအိလေး။ သာသာလေးပဲ ထိလို့ရတယ်။ ကြမ်းကြမ်းထိလိုက်ရင် ခေတ်ပါးလေး နာသွားမှာစိုးလို့။ ပြီးတော့လေ ခေတ်က ကျွန်တော့်လက်ညှိုးလေးကိုလည်း စွဲတယ်။ မယုံဘူးလား ... မယုံ နေပေ့ါ။ အခုတော့ ကျောင်းသွားတော့မှာမို့ ခေတ်ကို သွားပြောလိုက်ဦးမယ်နော်။ တာ့တာ ....။

သူ့ခမျာ recorder ကို ပိတ်ပြီး ညီလေးဆီ ပြေးရသေးသည်။

"ခေတ်ရေ ... ခေတ် ... ကိုကို ကျောင်းသွားတော့မယ်"

"ရှူး ... သားစေ ညီလေး မနိုးသေးဘူး။ အိပ်နေတုန်း ရှိသေးတယ်"

"ဩော် ... ဟုတ်လား၊ ရှူး ...။ သားကျောင်းသွားတော့မလို့ ညီလေးကို လာနှုတ်ဆက်တာ၊ တိုးတိုးလေး နှုတ်ဆက်ပြီးရင် သွားမယ်နော်"

မေနန်းကို လေသံလေးနှင့်ပြောပြီးနောက် ခေတ်ပုခက်ဆီ လျှောက်သွားပြီး ....

"ခေတ်လေး ... ကိုကို ကျောင်းသွားတော့မလို့နော်။ လိမ်လိမ်မာမာနေခဲ့နော် ... မွ"

အိပ်ပျော်နေသည့် ခေတ်ပါးကို ဖွဖွလေးနမ်းပြီး ပြန်ခဲ့လိုက်သည်။ ဤသည်က တည်မြဲစေ၏ နေ့စဉ် မပျက်မကွက် လုပ်နေကျအလုပ်။

***

ဝူးဝါး ... ဝူးဝါး ... ဝူးဝါး ... ....

ယနေ့ မြတ်ဘုဏ်းခေတ်နှင့် နန်းသူဇာတို့၏ ဆည်းလည်းလေး စိတ်ကြည်လင်မနေပါ။ တဝူးဝူး တဝါးဝါးဖြင့် ငိုယိုနေသည်မှာ နို့တိုက်လို့လည်း မရ၊ ချီပြီးလမ်းလျှောက်လို့လည်း မတိတ်၊ လက်ထဲသို့ အရုပ်တွေ တစ်ရုပ်ပြီး တစ်ရုပ် ထည့်ပေးပါသော်လည်း စိတ်တိုင်းမကျ။ နောက်ဆုံး ဘယ်လိုမှ ချော့မရသည့်အဆုံး ဒေါ်ထက်ထက်လှိုင်ကိုသာ ဖုန်းဆက် ခေါ်ရတော့သည်။

"ခေတ်ရေ ... ကိုကိုလာပြီ"

မိခင်ထက် ရှေ့တော်ပြေးလေးက အရင်ရောက်လာသည်။

"မမရေ ... ဒီမှာ ကြည့်ပါဦး။ သားက ဘယ်လိုမှ ချော့မရဘူး၊ ဘာဖြစ်တာလဲ မသိဘူး"

ဒေါ်ထက်ထက်လှိုင် ကလေးအား စစ်ဆေးကြည့်တော့ ငိုရသည့် အကြောင်းအရင်းမတွေ့၊ သည်အရွယ် သည်လိုပဲ ငိုတတ်ပါသည်။ သို့သော် သားစေကတော့ ငိုနေသည့်ညီလေးကိုကြည့်ပြီး ဝမ်းနည်းလာပုံရသည်။ ရုတ်တရက် သူပါ ဖြဲခနဲ ထငိုပါတော့သည်။ သားစေကငို၊ သားခေတ်ကငို အပြိုင်အဆိုင် ငိုနေကြသည့်အိမ်ကလေးတွင် လူကြီးသုံးယောက်မှာလည်း ရယ်ရမလိုလို၊ ငိုရမလိုလို။

"ညီလေးငိုနေတာ သနားပါတယ်"

ဒေါ်ထက်ထက်လှိုင်ခမျာ ငိုနေသည့်ညီလေးကိုသနားကာ သူကပါ တိုးငို နေသည့်သားစေကို အရင် ချော့ရတော့သည်။

"သားက မငိုရဘူးလေ။ ကိုကိုက ငိုတော့ ညီလေးကပါ ပိုငိုတာပေါ့။ ကိုကို ဆိုတာ မငိုရဘူးလေနော်။ ကိုကိုငိုရင် ညီလေးကပါ ပိုငိုလိမ့်မယ်"

'ကိုကိုဆိုတာ မငိုရဘူး' ဆိုတော့ ငိုသံလေးတိတ်သွားကာ လက်ကျန် ဝမ်းနည်းစိတ်လေးကို ရှိုက်သံလေးဖြင့် ထုပ်ပိုးသိမ်းဆည်းရှာ၏။ ထို့နောက် ဘာအကြံရသည်မသိ ... ငိုနေသည့် ခေတ်မျက်နှာနားသို့ ကပ်ကာ နှုတ်ခမ်း ကလေး လှုပ်စိလှုပ်စိဖြင့် သူ့ညီကို တိုးတိုးလေး ကပ်ပြောနေသည်။ ကလေး စကား ကလေးချင်း နားလည်သည်ဆိုသည်မှာ အမှန်ပင်ဖြစ်မည်။ သားစေ စကားပြောလိုက်သည်နှင့် တဝါးဝါးငိုနေသည့် သားခေတ်ကလည်း ချက်ချင်း အငိုတိတ်သွားသည်။ သူ့လက်ဖဝါးပိစိလေးအတွင်းသို့ ထည့်ပေး သည့် သားစေ့လက်ညှိုးလေးကိုလည်း ဆုပ်ကိုင်ထားသေးသည်။

ခဏအကြာ ခုတင်ပေါ်တွင် ခေါင်းချင်းဆိုင် ဝမ်းလျားမှောက်နေသည့် ညီအစ်ကိုနှစ်ယောက်ထံမှ ခိုးခိုးခစ်ခစ် အသံများ ကြားလာရသည်။ ကိုကို က အနားကပ်ကာ စကားတီးတိုးဆိုလိုက် ... ညီလေးက သူ့ပါးနှင့်နှာခေါင်း အား လက်သေးသေးတွေနှင့် ပြန်ပွတ်လိုက်၊ ကိုကိုက ချော့မြှူလိုက် ... ကို

ကို့လက်ညှိုးကလေးကို ဆုပ်ကိုင်ထားသည့် ညီလေးက တခစ်ခစ်ရယ်လိုက်နှင့် အိမ်ဆည်းလည်းကလေး အသံသာသာ လှုပ်ခတ်လာပါပြီ။

***

"ခေတ် ဒီမှာ ဒီမှာ ဒါလာယူ"

လေးဖက်သွားနေပြီဖြစ်သည့်ခေတ်ကို အရုပ်လေးပြကာ သူ့ဆီကို လာရန် ဆွဲဆောင်နေသည့် သားစေ။ ယခုဆို သားစေငယ်စဥ်က ကစားခဲ့သည့် အရုပ်တော်တော်များများသည် ခေတ်အိမ်သို့ ရောက်ကုန်ကြပြီ။ အရုပ်လေးကို ကိုင်ကာ ဟိုနေရာ ရွှေ့ထိုင်လိုက်၊ သည်နေရာ ရွှေ့ထိုင်လိုက် သားစေသည် ခေတ် သူရှိရာအရုပ်သို့ လာနေသည်ကိုပင် သဘောအကျကြီး ကျနေတော့သည်။

"ခေတ် ဒီလာနော် ... ဒီအရုပ်လေး ရမှာနော်"

ခေတ် သူ့အနားရောက်လာလျှင်လည်း အရုပ်ပေးရုံမက တရှူးရှူးနှင့် ငုံ့ငုံ့နမ်းရှာသေးသည်။

"ခေတ်က ဒါလိုချင်လို့လား ... ဟုတ်လား၊ ဒီကားလေး လိုချင်လို့လား"

***

ယနေ့ တစ်ညနေလုံး တည်မြဲစေတစ်ယောက် ထိုင်မရ၊ ထမရ၊ တလှုပ်လှုပ် တရွရွနှင့် ဂနာမငြိမ်ဖြစ်နေလေသည်။ ခေတ်ဆီလည်း သူမသွားချင်၊ ခေတ်ကို အိမ်လာပို့ပါဟုလည်း သူမပြောချင်။ သို့သော် သူ့စိတ်ထဲတွင်တော့ ခေတ်ကို သူ့ဆီသို့ လာစေချင်နေပါသည်။ 'ခေတ် ခေတ်' နှင့် တစ်ခေတ်တည်း ခေတ်နေသည့် တည်မြဲစေ ယနေ့မှ မာနကြီးနေရသည်မှာ အကြောင်းရှိသည်။ ဖြစ်စဉ်မှာ ကျောင်းပိတ်ရက်ဖြစ်သည့် ယနေ့နံနက် ၁၁ နာရီခန့်ကဖြစ်သည်။

လိမ္မာသည့်သားစေသည် စည်းကမ်းလည်းရှိသည်။ သူ့ပစ္စည်းများကို ခေတ်အတွက်ဆိုလျှင် ရက်ရောတတ်သည့် သားစေသည် အမှန်တော့ သူ့ပိုင်ဆိုင်မှုများကို တန်ဖိုးထားသည့် ကလေးတစ်ယောက် ဖြစ်သည်။

ဒေါ်ထက်ထက်လှိုင်တို့အိမ်တွင် သားစေအတွက် အခန်းနှစ်ခန်း ထားပေးရသည်။ တစ်ခန်းမှာ အိပ်ခန်းဖြစ်ပြီး၊ တခြားအခန်းတွင် သားစေသည် ကစားသည်၊ စာရေးသည်၊ စာဖတ်သည်။ ထိုအခန်းလေးသည် သားစေ၏ ကိုယ်ပိုင်အခန်းလေးဖြစ်သည်။

ထိုအခန်းလေးထဲတွင် သားစေသည် ဆေးရောင်လှလှခြယ်ရအောင် စာအုပ်တွင် ပုံအရောင်ခြယ်နေပြီး နန်းသူဇာကတော့ တဒေါက်ဒေါက်နှင့် ဘေးလက်ထောက်လျှောက်သွားကာ ကစားနေသည့် ခေတ်ကို ထိန်းရင်း သားစေကို စောင့်ပေးနေသည်။

"မေနန်း ... သားမုန့်စားချင်တယ်"

စေ ဆေးရောင်ခြယ်နေရင်းမှ ဗိုက်ဆာလာသည်။

"သားစေ မုန့်စားချင်လို့လား။ နေဦး မေနန်းသွားယူပေးမယ်။ ညီလေးကို ကြည့်ထားနော်"

ဗြဲ ... .... ဗြဲ ... ....

"မာမီ ... မာမီရေ ... ဟီး ... ..."

အပေါ်ထပ်မှ သားစေ၏ အော်သံကြောင့် ဒေါ်ထက်ထက်လှိုင် သားရှိရာ အပြေးအလွှား သွားရသည်။

"သား သား ဘာဖြစ်လို့လဲ"

"ခေတ်က သားစာရွက်တွေ ဖြပစ်လိုက်ပြီ ဟီး ... ...."

အပိုင်းပိုင်းပြဲကာ ကြေမွနေသည့် စာရွက်များကို ကိုင်ရင်း ငိုနေရှာသည့်

သားစေ။

"ဟော် မေနန်းခဏလေး ဆင်းသွားတာနဲ့ ဘယ်လိုဖြစ်တာလဲ"

"သားက ခေတ်ကို ကားအသစ်ပေးမလို့ သွားယူနေတုန်း ခေတ်က သားစာရွက်ကို ဖြပစ်လိုက်တာ ဟီး ... ...."

သားစေငိုနေသည်ကို ဘေးမှ ကြည့်နေသည့်ခေတ်သည်လည်း ဘာမသိညာမသိ ပြူးပြူးကလေး။

"မငိုပါနဲ့ သားရဲ့ ဒီမှာ သားငိုတော့ ညီလေးက ကြည့်နေတာ တွေ့လား။ သူ့ကြောင့် သူ့ကိုကိုငိုတော့ ခေတ်လေးက စိတ်မကောင်းဖြစ်နေတာ"

သူ့ဘာသာ စိတ်မကောင်းဖြစ်နေလည်း တည်မြဲစေ ခေတ်ကို မသနားနိုင်ပါ။ ပြသွားသည့် သူ့ပုံတွေကိုသာ နှမြောသည်။ သူ့စာရွက်တွေကို ဖြပစ်သည့်ခေတ်ကို သူစိတ်ဆိုးသည်။ ထို့ကြောင့် သူ ခေတ်ကို မခေါ်တော့ဘူးဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူ ခေတ်အိမ်သို့ မသွားတော့ပေ။

ထို့အတူ ခေတ်ကလည်း ပြန်သွားပြီးကတည်းက ယခုထိ နောက်တစ်ခေါက် ပြန်မလာခဲ့။ ခေတ်က အဖော်ရသွားပြီ။ နေ့လယ်က ခေတ်တို့အိမ်လာလည်သည့် မေနန်းမေမေကို ခေတ်က သူ့ထက် ပိုချစ်သွားပြီ။ ခေတ်က သူ့ကို မခေါ်တော့ဘူး ထင်သည်။

***

## ခိုနားရာ (၄)

"ခေတ်ရေ ... ကိုကို လာပြီ"

နောက်တစ်နေ့ နေ့လယ်တွင်တော့ သားစေတို့ ပုံပြင်စာအုပ်ကလေးကိုင်ကာ ခေတ်ဆီသို့ လိုက်လာခဲ့ပြီ။ ခေတ်လည်း အသံလာရာဆီသို့ လှည့်ကြည့်ပြီး တအင်းအင်းအသံပြုကာ သားစေဆီသို့ လေးဖက်ထောက်ကလေး ပြေးလာသည်။ ခေတ်သည် သားစေကိုတော့ တော်တော် သဘောကျပုံရသည်။

"သားစေ ... ဒါ သားအိပ်ချိန် မဟုတ်ဘူးလား။ မာမီက မအိပ်ခိုင်းဘူးလား"

"အိပ်ခိုင်းလို့ကိုမရဘူး နန်းရေ။ မနေ့ညက သူ့ဒယ်ဒီ ဖတ်ပြတဲ့ပုံပြင်ကို ခေတ်ကို ပြန်ဖတ်ပြချင်လို့ပါဆိုပြီး ပလီနေလို့ လိုက်ပို့ရတယ်"

နန်းသူဇာက သားစေကိုမေးတော့ နောက်မှလိုက်ဝင်လာသည့် ဒေါ်ထက်ထက်လှိုင်က ဖြေ၏။

"နန်းလည်း မေမေတို့ရောက်နေတာနဲ့ တစ်မနက်လုံး သားစေဆီမလာဖြစ်ဘူး"

ယောက်မမြင်းစီး ထွက်သည့်သမီးဟု စိတ်ဆိုးမာန်ဆိုးနှင့် ပစ်ထားသည့် နန်းသူဇာမိခင်သည်လည်း မြေးလေးရသည်နှင့် ရောက်လာတော့သည်။ သမီးကို စိတ်ဆိုးသော်လည်း မြေးကိုတော့ ချစ်ရှာသည်။ မြေးလေးကြီးလျှင် သူတို့နေသည့် L.A.(Los Angeles) သို့ ခေါ်ထားမည်ဟုပင် ပြောနေသေးသည်။

လူကြီးနှစ်ယောက် စကားကောင်းနေကြသလို ကလေးနှစ်ယောက်သည်လည်း ပုံပြောသူကပြော၊ နားထောင်သူကထောင်နှင့် အပေးအယူမျှနေကြသည်။

သားစေက ဝမ်းလျားမှောက်လျက် ပုံပြင်စာအုပ်မှ အရုပ်များကို လက်ညှိုးလေးနှင့် ဝိုင်းကာဝိုင်းကာ ဖတ်ပြနေပြီး ခေတ်က သားစေဖတ်ပြနေသည့် ပုံပြင်စာအုပ်ကို လက်ဝါးလေးဖြင့် တဖက်ဖက်ပုတ်ရင်း ပုံပြင်နားထောင်နေသည်။ သားစေပြောသမျှကိုလည်း တအာအာ တဘာဘာ တဝါဝါ တအင်းအင်းဖြင့်လည်း ထောက်ခံပေးနေသေး၏။

***

"ခေတ် ငြိမ်ငြိမ်နေစမ်းပါ"

အခန်းထဲတွင် သားစေက စာရေးနေပြီး ခေတ်ကတော့ စာရေးစားပွဲခုံပုလေးကို အားပြုကာ မတ်တတ်ရပ်ရပ်နေသည်။ သူ့ကိုဆွဲချပြီး ထိုင်ခိုင်းထားလိုက် ... သူက မတ်တတ်ပြန်ရပ်လိုက်နှင့် သားစေမှာ စာကောင်းကောင်း မရေးရ။ ရပ်ချင်ရပ်ပါစေဆိုပြီး လွှတ်ထားလျှင်လည်း သူ့ညီလေးက လဲကျသွားလျှင် သူ့အား မျက်ရည်ဝိုင်းနေသည့် မျက်လုံးရွဲကလေးများဖြင့် သနားစဖွယ် မော့ကြည့်တတ်သေးသည်။

"မာမီ ... ခေတ်က ပြောလို့မရဘူး၊ ငြိမ်ငြိမ် ထိုင်နေပါဆိုလည်း မထိုင်ဘူး"

သူ့ဘာသာသူနေသည့်ကလေးကို အိမ်တိုင်ရာရောက် သွားခေါ်တာတုန်းကလည်း သူပဲ။ ပြောမရသည့်အခါ အတိုင်အတောထူသူကလည်း သူပါပဲ။

"သွား မင်းပြန်တော့။ ငြိမ်ငြိမ်လည်း မနေဘူး"

စိတ်မရှည်တော့သည့်အဆုံး အော်ပြီး အိမ်ပြန်ခိုင်းလိုက်တော့ မတ်တတ်ရပ်နေသည့်ခေတ်က သားစေကို ကြည့်ကာ အောက်သွားငတ်စိ

လေးနှစ်ချောင်းနှင့် ရယ်ပြလာ၏။

"မြူနေတာ မဟုတ်ဘူးဗျ ... ပြန်ခိုင်းနေတာ"

ခစ်ခစ် ... ခစ် ... ခစ် ... ....

"ဘာလို့ရယ်နေတာလဲ ... အိမ်ပြန်ပါတော့ဆို"

ခစ်ခစ် ... ခစ် ... ခစ် ... ....

"ပြန်တော့ ... ပြန်တော့ ... ပြန်တော့လို့ ... မရယ်နဲ့လို့"

ခစ်ခစ် ... ခစ် ... ခစ် ... ....

ခေတ်ကို စိတ်မရှည်တော့၍ မာမီ့ကိုပင် လှမ်းတိုင်နေသော သားစေသည် ယခုတော့လည်း တခစ်ခစ် ရယ်နေသည့်ခေတ်ကို ဆွဲလှဲပြီး ပက်လက်လေးလှန်ကာ ကလိထိုးရင်း ခေတ်၏ရယ်သံအား အားဖြည့်ပေးနေပါတော့သည်။

"ငြိမ်ငြိမ်နေမှာလား မနေဘူးလား ဟင်၊ စကားနားထောင်မှာလား မထောင်ဘူးလား"

ခစ်ခစ် ... ခစ် ... ခစ် ... ...

ထိုအချိန်က ခေတ်၏ တခစ်ခစ်ရယ်သံလေးနှင့် အောက်သွားလေး နှစ်ချောင်းသည် တည်မြဲစေ၏ အားနည်းချက်လေး ဖြစ်ခဲ့ရသည်။

***

"မေနန်း သားရော"

ခေတ်ကို ကျွေးနေသည့်ဖြည့်စွက်စာကို သူပါ တောင်းစားနေသော သားစေ။ တကယ်ကျွေးလျှင် တကယ်စားမှာ မဟုတ်မှန်း သိသည့်အတွက် နန်းသူဇာ ဇွန်းကလေးအား ရှေ့တိုး၍ သားစေကို ခွံ့မည်ဟန်ပြင်လိုက်သည်နှင့် ....

ဖက် ...

ခေတ်၏ လက်ဝါးက သားစေမျက်နှာနှင့် မိတ်ဆက်လျက်သား။

"အား ရိုက်တယ်။ ... မာမီ ... မာမီ ... ခေတ်က သားကို လာရိုက်တာ ဖက်တဲ့၊ ဟီးဟီး နာလည်း မနာဘဲနဲ့"

မျက်နှာအရိုက်ခံရသည်ကိုပင် တဟီးဟီးနှင့် သဘောကျနေသည့် သားစေပါပင်။

"ကိုကို့အရုပ်တွေကျ ပေးရတယ်နော်၊ ကိုကို့ကျ မကျွေးချင်ဘူး"

သူက ခေတ်ရင်ခွင်ထဲ ခေါင်းအတင်းတိုးဝင်လေ ခေတ်က သူ့ခေါင်းအား ပြန်တွန်းလေ။

"သားစေရေ ... ညီလေးကို အစားကောင်းကောင်း စားပါစေ ... ကလေးကို သွားမရှုပ်စမ်းပါနဲ့"

ဒေါ်ထက်ထက်လှိုင် ပြောလည်း ပြောပြောပါပင်။ သားစေတို့က ညီလေးဗိုက်ပေါ် ခေါင်းတင်ရန်သာ အားသန်နေသည်။

"အေး သူ အစား ကောင်းကောင်းမစားရရင် ညီလေးက သားကို မချစ်တော့ဘဲ နေလိမ့်မယ်နော်"

"ဟင်"

"ဟုတ်တယ် ... သူ့ကို နှောင့်ယှက်ရင် ခေတ်လေးက ကိုကို့ကို မချစ်တော့ဘူးတဲ့"

"ဟုတ်လား ခေတ်"

မိခင်စကားကို အတည်ပြုရန် ခေတ်အားမေးတော့ ဖြည့်စွက်စာ တမြုံ့မြုံ့ဝါးနေသည့်ခေတ်က ဆတ်ခနဲ ခေါင်းညိတ်၏။ သားစေတို့ ပျာယာခတ်ချေပြီ။

"ခေတ် ကိုကို့ကို ချစ်လား၊ ကိုကို့ကို ချစ်ရင် ခေါင်းညိတ်ပြ"

ခေတ် ခေါင်းခါသည်။

"ဒါဆို ကိုကို့ကို မချစ်ဘူးလား၊ မချစ်ဘူးဆို ခေါင်းညိတ်ပြ"

ခေတ် ခေါင်းညိတ်ပြသည်။

"ခေတ် ကိုကို့ကို ချစ်လား မချစ်ဘူးလား"

ကလေးအား 'ချစ်လား မချစ်ဘူးလား' အဆက်မပြတ်မေးနေသည့် သားစေနှင့် ခေါင်းညိတ် ခေါင်းခါကို သားစေဖြစ်စေချင်သည်နှင့် ဆန့်ကျင်ဘက်တုံ့ပြန်နေပါသည့်ခေတ်။ နောက်ဆုံး သားစေ ငြိမ်သွားလေပြီ။ အသံတိတ်သွားသည်နှင့်တစ်ပြိုင်နက် နှုတ်ခမ်းလေးမဲ့ မျက်ရည်လေးဝဲလာကာ ညီလေးကိုသာ မျက်တောင်မခတ်တမ်း ကြည့်နေပါတော့သည်။

ထို့နောက် ထိုင်ရာမှ ထလာကာ မာမီ့ရင်ခွင်ထဲ ကုတ်ဖက်တက်၍ ဝင်လာပြီး မာမီ့လည်ပင်းအား ဖက်လျက် မျက်နှာလေးပါ ကပ်လာကာ ငိုသံပါပါ အသံပိစိလေးဖြင့် ....

"မာမီ ... ခေတ်က သားကို မချစ်ဘူးတဲ့"

ပြောရင်း မျက်ရည်များ စီးကျလာကာ တဟင့်ဟင့် ငိုပါတော့သည်။

"အဟင့်အဟင့် ခေတ်က သားကို မချစ်ဘူးတဲ့ ဟင့် ... ဟင့် ... ဟင့်"

မျက်လုံးလှလှကို ဝန်းရံထားသော မျက်တောင်ရှည်ရှည်တို့မှာ မျက်ရည်တို့ဖြင့် စိုစွတ်လျက် ....။

"မာမီ ... ခေတ်က သားကို ဘာလို့မချစ်တာလဲ"

မိခင်ကျွေးနေသည့်ဖြည့်စွက်စာကို ဝါးနေသည့် ခေတ်ကလည်း ငိုနေသည့်သူ့ကိုကိုကို လှမ်းကြည့်လျက်။

"ချစ်ပါတယ်၊ ချစ်လို့ ဟိုမှာ ကိုကိုငိုတာကို ကြည့်နေတာပေါ့"

"မချစ်ဘူး၊ ခေတ်က ချစ်ရင် ခေါင်းညိတ်လို့ပြောတာကို မညိတ်ဘူး၊ မချစ်ရင် ခေါင်းညိတ်လို့ ပြောတာကျ ညိတ်တယ်"

"အဲဒါ သားကိုချစ်လို့ပေါ့၊ သားငယ်ငယ်တုန်းကလည်း အဲလိုပဲ ... မာမိ့ကိုချစ်ရင် ခေါင်းညိတ်ပြဆို မညိတ်ဘူး၊ မချစ်ရင် ခေါင်းညိတ်ပြဆိုမှ ညိတ်တာ။ ခေတ်ကလေ သားငယ်ငယ်ကနဲ့ တစ်ပုံစံတည်းဆိုမှ တစ်ပုံစံတည်းပဲ"

နောက်ဆုံး 'သားငယ်ငယ်တုန်းကလည်း အဲလိုပဲ။ ခေတ်က သားငယ်ငယ်ကနဲ့ တစ်ပုံစံတည်းပဲ' ဟု ပြောမှပင် ကျေနပ်ကာ အငိုတိတ်သွားတော့သည်။ သည်တော့လည်း မိခင်ရင်ခွင်ထဲမှ လျှောဆင်းကာ အပြေးအလွှား သွားကာ မွေးကြူလိုက်သည်က နို့နံ့သင်းနေသည့် ပါးဖောင်းဖောင်းကလေးများ။

"ခေတ်က ကိုကိုနဲ့တူတာတဲ့"

***

"ဒီမှာလေ ... ဒီမှာလေ ... မီအောင်လိုက်နိုင်ရင် လိုက်ခဲ့လေ"

တဒေါက်ဒေါက်နှင့် လမ်းလျှောက်တတ်နေပြီဖြစ်သော ခေတ်ကို သားစေက သူ့အား လိုက်ဖမ်းခိုင်းနေခြင်း။

သားစေဆိုသည်မှာလည်း ခေတ်မပါလျှင် အိမ်ကိုမပြန်။ ခေတ်ကလေးကလည်း ဘယ်လိုသိပ်သိပ် မအိပ်ဘဲ ကိုကိုနှင့်သာ ကစားချင်နေတော့သည်။

"မိရင် ဒါရမှာနော်"

ဒို ရေ မီ ... ....

ပီယာနိုသေးသေးလေးအား အသံထွက်အောင်တီးပြရင်း နောက်ပြန် ပြေးနေပြန်ပါသေးသည်။ ဒေါ်နန်းသူဇာမှာတော့ ကလေးနှစ်ယောက် ကစားနေသည်ကို ထိုင်ကြည့်နေရသည်။

"သားစေ ... သိပ်မပြေးနဲ့နော်၊ ညီလေးက သားကို မီအောင် မလိုက်နိုင်သေးဘူး။ ညီလေး လဲသွားရင် ငိုလိမ့် ...."

အွတ်

နန်းသူဇာ စကားပင်မဆုံးသေး ... ခေတ်တစ်ယောက် လဲလေပြီ။ သည်တော့လည်း တည်မြဲစေတို့ အပြေးလာကာ ထူရလေပြီ။

"ဥုံဖွ ... ဥုံဖွ ... ခေတ် မနာဘူးနော်၊ မနာဘူးနော် ... ဘာမှမဖြစ်တော့ဘူးနော်"

"မေနန်းစကားတောင် မဆုံးသေးဘူး ... လဲပြီ"

နန်းသူဇာ ခေတ်ဘေးထိုင်ချလိုက်ကာ ခေတ်ကို ရင်ခွင်ထဲ ထည့်ပွေ့ထား၏။

"ကိုကို့ကြောင့်ဖြစ်တာနော် ... ကိုကို့ကြောင့် ... ကိုကို့ကြောင့် ...၊ မငိုနဲ့နော် ... ခေတ်"

သူ့ပါးလေးနှစ်ဖက်ကို အုပ်ကိုင်ကာ ချော့နေသည့် ကိုကို့ကိုကြည့်ကာ ငိုမဲ့မဲ့ကလေးငယ်မှာ ဆက်၍ ငိုရမလို ... မငိုရမလို။

"ဒီအရုပ်ပေးမယ်နော်၊ ကိုကိုက ခေတ်ကို ပီယာနိုလေး ပေးမယ်နော်။ မငိုနဲ့နော်"

လက်ထဲသို့ရောက်လာသည့် ပီယာနိုလေးကိုကြည့်ကာ ခေတ်မျက်ဝန်းမှ ဝဲနေသည့် မျက်ရည်လေးများ အငွေ့ပျံသွားရသည်။

ဒို ရေ မီ ... ....

ခစ်ခစ် ... ခစ်ခစ် ... ခစ်ခစ် ... ....

ခစ်ခစ် ... ခစ်ခစ် ... ခစ်ခစ် ... ....

ယခုမှပင် သားစေတစ်ယောက် ခေတ်ကိုကြည့်၍ ရယ်နိုင်တော့သည်။

***

"တီ၊ တီ၊ ဂူး ... .... ကဲ ကိုင်ထားပါနော်၊ ပြုတ်ကျလိမ့်မယ်၊ သေချာလေး ဖက်ထားပါနော်"

ကားသေးသေးလေးပေါ်တွင် ခေတ်က နောက်တွင်ထိုင်နေပြီး သားစေက ရှေ့မှနေကာ ကြမ်းပြင်အား ခြေကန်အားပြုပြီး ကားမောင်းနေသည်။

"ကဲ ရောက်ပါပြီ ... မုန့်တစ်ခုကျပါတယ် ခင်ဗျ"

တစ်ခါရပ်လိုက် ... မုန့်တစ်ခုကျပါတယ် ပြောလိုက် ... နောက်ခန်းမှ ခေတ်က ဆင်းလာပြီး လက်ထဲတွင်ကိုင်ထားသည့် မုန့်ထုပ်ထဲမှ မုန့်တစ်ခု ယူကာ သားစေအား ခွံ့လိုက် ....။

"ကဲ ပြန်သွားပ့ါမယ်။ တက်ပါ ... တက်ပါ၊ နောက်တစ်နေရာ သွားပ့ါမယ်"

ထိုအခါ မုန့်တွေ အောက်ပြုတ်မကျစေရန် အိတ်ကို သေချာပိတ်နေသည့် ခေတ်က ကားနောက်ခန်းတွင် ဝင်ထိုင်ကာ ရှေ့မှ သားစေ၏ ခါးကို ဖက်ထားလိုက်၏။ ထို့နောက် ညီအစ်ကိုနှစ်ယောက် ခရီးဆက်ပြန်သည်။

ကားမောင်းတမ်းကစားနေရင်းမှ ခေတ်သည် ကားပေါ်က ဆင်းသွားပြန်သည်။ ခေတ်သွားသည့် ဦးတည်ရာကို ရိပ်မိချိန် သားစေလည်း ထိုနေရာကို ကာကွယ်ရန် အပြေးအလွှား သွားရတော့သည်။ ထိုနေရာလေးအရောက် ခေတ်ရှေ့မှ ပိတ်ရပ်ကာ လက်နှစ်ဖက်ဆန့်တန်းကာပြီး ....

"မရဘူး ... မရဘူး၊ ဒါတော့ မလာနဲ့။ ဟိုနေ့ကလည်း ကိုကိုဆောက်ထားတဲ့အိမ်ကို ဖျက်ပြီးပြီ။ ဒီရထားတွဲလေးတော့ ချမ်းသာပေးပါ"

သားစေဆောက်ထားသည့် ရထားတွဲအား ကိုင်လိုသည့်ခေတ်က ရထားတွဲကိုထိရရန် ကြိုးစားသည်။ သားစေက ရှေ့မှ ပိတ်ကာသည်။ ခေတ်က ဘယ်ညာအရပ်ရပ်မှ ရှေ့တိုးသည်။ သားစေလည်း လက်နှစ်ဖက်ဆန့်တန်း

ကာ ကာကွယ်သည်။

"ခေတ်လေး ... နားထောင်နော်၊ ကိုကိုပြောတာ နားထောင်နော်၊ ဒါလေး တော့ မကိုင်နဲ့နော်။ ခေတ်က ဖျက်ဆီးပစ်လိမ့်မယ်"

သားစေသည် ခေတ်ကို ချော့ပြောရင်း ပခုံးမှကိုင်ကာ ဆန့်ကျင်ဘက် အရပ်သို့ ဦးတည်ရာ ပြောင်းပေးလိုက်သည်။ သားစေလှည့်ပေးလိုက်သည့် ဘက်သို့ ခေတ်ထွက်သွားမှ အန္တရာယ်စက်ကွင်းမှ သီသီလေးလွတ်သွား သော သူ့ရထားတွဲလေးအား ဟိုနေရာထိ သည်နေရာပြင်နှင့် တစိမ့်စိမ့် ထိုင် ကြည့်နေတော့သည်။

ဒေါက်

အား

ဗြဲ ... ....

အပေါ်ထပ်မှ အသံကြား၍ ဒေါ်ထက်ထက်လှိုင်တစ်ယောက် သားစေ အခန်းသို့ ပြေးရပြန်ပါပြီ။ အခန်းထဲရောက်သည်နှင့် မြင်လိုက်ရသည်က သားစေသည် သူ့နဖူးသူပွတ်ကာ ငိုနေပြီး မလှမ်းမကမ်းမှ ခေတ်ကတော့ လက်ထဲတွင် Iron Man ရုပ်လေးကိုင်ကာ ကိုကိုငိုနေသည်ကို မျက်လုံးပြူး လေးနှင့် ရပ်ကြည့်နေသည်။ သည်လောက်ဆို အခြေအနေကို သဘောပေါက်ပါပြီ။

"ကိုကိုး ... ကိုကိုး ... နို"

ဒေါ်ထက်ထက်လှိုင်အား မြင်တော့ ခေတ်က သားစေအား လက်ညှိုးထိုးပြ ပြီး ကိုကိုငိုနေကြောင်း အသိပေးသည်။

ဒေါ်ထက်ထက်လှိုင် ငိုနေသည့်သားစေအနားသို့ ပြေးသွားကာ နဖူးပေါ်မှ လက်ကို ဖယ်ကြည့်ရသည်။ နဖူးပေါက်မသွား၍ တော်သေးသည်။

"ခေတ် ... ဘာလို့ ကိုကို့ကို လုပ်ရတာလဲ ... ဒီမှာ ကိုကိုနာသွားပြီ ... ကြည့်ပါဦး။ ကိုကို့ကို မသနားဘူးလား"

"တိတ်တိတ် သားလေးတိတ်။ ညီလေးက မသိလို့လုပ်မိတာနော်။ ကြည့်ပါဦး ကိုကိုကငိုတော့ ညီလေးကပါ ဝမ်းနည်းနေပြီ"

ဒေါ်ထက်ထက်လှိုင် သားဖြစ်သူကို မျက်ရည်သုတ်ပေးရင်း ချော့နေသော်လည်း သားစေကတော့ ငိုမြဲငိုဆဲ။ ခေတ် ပြူးပြူးလေးရပ်နေရာမှ လှုပ်ရှားလာသည်။ မိခင်အားကပ်ကာ ငိုနေသည့် သားစေဆီသို့ လျှောက်လာသည်။ ထို့နောက် ထိုင်ချလိုက်ပြီး လေးဖက်ထောက်သွားသည့်ပုံစံလေးဖြင့် သားစေရင်ခွင်ထဲတိုးဝင်ကာ သားစေနဖူးလေးအား ....

"ကိုကိုး ... အာဝါး ... ချစ်တယ်နော်"

မပီကလာ ပီကလာ ခေတ်အသံက သားစေအား အငိုတိတ်စေပြီး သွားတိုက်ဆေးကြော်ငြာသည့် အပြုံးကြီးနှင့်အတူ သားစေ၏ နှာခေါင်းကို ပူစီဖောင်းကြီး ထွက်လာစေသည်။

***

မင်္ဂလာပါခင်ဗျာ။ ကျွန်တော့်နာမည် တည်မြဲစေပါခင်ဗျ။ ကျွန်တော်က ဉာဏ်ကောင်းပြီး စာတော်လို့ သူငယ်တန်းနဲ့ ပထမတန်းကို နှစ်ချင်းပေါက်အောင်ပြီး အခု ဒုတိယတန်း တက်နေပါပြီခင်ဗျ။ ကျွန်တော် အရပ်လည်းရှည်လာပါတယ်ခင်ဗျ။ မာမီနဲ့ မေနန်းပြောတာတော့ ချောလည်းချောလာတယ်တဲ့။ ဒါပေမဲ့ ဘယ်လောက်စားစား ဝမလာလို့ ဖြူဖြူပိန်ပိန်လေးပဲ ဖြစ်နေတယ်ခင်ဗျ။ ကျွန်တော်တို့ကျောင်းမှာ ကျွန်တော့်ကို ကြိုက်နေတဲ့ ကောင်မလေးတွေ ရှိတယ်။ တစ်ယောက် ... နှစ်ယောက် ... သုံးယောက် ... သုံးယောက် ရှိတယ်ဗျ။ နေ့တိုင်း သူတို့က မုန့်တွေ လာလာကျွေးလို့ ကျွန်တော်ဆို စားလို့တောင် မကုန်ဘူး။ ကျွန်တော်ကတော့ မကြိုက်ပါဘူး။

အခုမှ ကလေးပဲ ရှိသေးတယ်။ သူတို့ကပဲ လာကြိုက်နေကြတာ။

ခေတ်လား ....။ ခေတ်က အခု နှစ်နှစ်ကျော်ပြီဗျ။ ကျွန်တော့်ကို ကိုကိုးလို့ ခေါ်တယ်။ ကိုကိုလို့ ခေါ်တာနေမှာပေါ့ဗျာ။ ဒါပေမဲ့ ကလေးဆိုတော့ စကားမပီတော့ ကိုကိုးဖြစ်နေတာ။ ဟီး ... ခေတ် စကားမပီတာလေးက ချစ်စရာလေး။

ဗျာ ...။ အာ ... အဲဒါတော့ မချစ်ဘူး ...။ ခေတ်က ကျွန်တော့်ကို အနိုင်ကျင့်တယ်။ ကျွန်တော့်အရုပ်တွေလည်း ဖျက်ဆီးပစ်တယ်။ ငြိမ်ငြိမ် ထိုင်နေပါဆိုလည်း မထိုင်ဘူး။ ပစ္စည်းတွေ လွှင့်ပစ်ပြီးရင် ကျွန်တော်ပဲ လိုက်ကောက်ရတာ။ အခု ခေတ်ကို သိပ်မချစ်တော့ဘူး။ မယုံဘူးလား ... မယုံ ....

"ကိုကိုး ...."

"လာပြီ လာပြီ ခေတ်၊ ကိုကို လာပြီ"

***

## ခိုနားရာ (၅)

ရာသီဥတုသာယာသည့် နေ့တစ်နေ့တွင် သားစေတို့မိသားစုနှင့် သားခေတ်တို့မိသားစု ပျော်ပွဲစား ထွက်ဖြစ်ကြသည်။ ပန်းခြံထဲ လျှောက်ပတ်ကြည့်ပြီးနောက် အရိပ်ရ သစ်ပင်ကြီးအောက်တွင် အခင်းခင်းကာ နေရာယူကြသည်။

ကလေးနှစ်ယောက်နှင့် ဖခင်နှစ်ယောက်မှာ ဘောလုံးကန်နေကြပြီး မိခင်နှစ်ဦးကတော့ သစ်ပင်အောက်မှ ထိုင်ကြည့်နေကြသည်။ မဟုတ်သေး .... ကလေးတစ်ယောက်နှင့် ဖခင်နှစ်ယောက်ကသာ ဘောလုံးကန်နေကြပြီး အငယ်ဆုံးကလေးလေးကတော့ ဘောလုံးကို လက်ဖြင့် လိုက်ကောက်နေခြင်းဖြစ်သည်။

"ခေတ် ... လက်နဲ့မကောက်ရပါဘူးဆိုကွာ"

သားစေအော်နေသော်လည်း ခေတ်ကတော့ ခြေထောက်တွေကြားလိမ့်နေသည့် ဘောလုံးကို လက်ဖြင့်ကောက်ပြေးပြီး ရင်ခွင်ထဲပိုက်ကာ မိခင်ဆီသို့ ပြေးလေပြီ။ ထို့နောက် ဘောလုံးကို မိခင်ဖြစ်သူလက်ထဲသို့ ထည့်ပေးလိုက်သည်။

ရှေ့ဆံပင်မှာ မျက်ခုံးအထက်ရှိနေပြီး အုန်းမှုတ်ခွက်ကေလေးနှင့် ပါးဖောင်းဖောင်း ခေတ်ကလေးသည် မာမီလှိုင်ခွံ့ကျွေးသည့် လိမ္မော်စိပ်လေးကို တမြုံ့မြုံ့ဝါးရင်း ဘောလုံးကန်သည့်နေရာတွင် ကျန်ခဲ့သည့် သုံးယောက်ကိုပင် လှမ်းကြည့်ကာ ပြုံးပြနေသေး၏။ ထို့နောက် မေနန်းလက်ထဲမှ ဘောလုံးကိုပြန်ယူကာ ကိုကိုတို့ရှိရာသို့ ပြေးပြန်၏။

ခေတ်တို့နေရာယူထားသည့် အပင်ကြီးနှင့် မလှမ်းမကမ်းတွင် တခြား မိသားစုနှစ်စုလည်း ရှိနေပြီး မိသားစုတစ်စုတွင် ၀၀ကစ်ကစ် ငါးနှစ်အရွယ် သားလေးတစ်ယောက်ပါပြီး ကျန်တစ်စုတွင်တော့ ဖြူဖြူဥဥ ပါးဖောင်း ဖောင်းလေးနှင့် လေးနှစ်အရွယ် ချစ်စရာသမီးလေးတစ်ယောက် ပါ၏။

သားစေတို့ ဘောလုံးကန်ပြီး အနားယူချိန်တွင် ထိုကလေးနှစ်ယောက်ပါ သားစေတို့နှင့် လာပူးပေါင်းကြသည်။ အကြီးသုံးယောက်က အရုပ်ဆက် တမ်းကစားနေကြပြီး ခေတ်ကတော့ သမီးလေး၏ ပါးပြင်ရှိ ပါးချိုင့်ခွက် ကလေးကို လက်ညှိုးလေးဖြင့် သွားသွားထိုးကာ သဘောကျနေသည်။ ပါးချိုင့်ခွက်ပိုင်ရှင်မမကလည်း ခေတ်ကလေး ထိုသို့လုပ်သည်ကို သဘောကျကာ တဟီးဟီးပင် ရယ်နေပြန်ပါသေးသည်။

"ဟီးဟီး ကိုကို ... ကိုကို့ညီလေးက သမီးပါးကို လာလာပြီး လက်ညှိုးနဲ့ ထိုးနေတယ် ဟီးဟီး"

"ခေတ် ... သူများကို သွားမလုပ်နဲ့"

ခေတ် အသံတိတ်ရယ်ပြကာ သားစေပါးကိုလည်း လက်ညှိုးလေးနှင့် သွားထိုးပြန်သည်။ တစ်ဖန် မမ၏ပါးလေးကို လက်ညှိုးလေးနှင့် သွားထိုး ပြန်သည်။ ထို့နောက် ခေတ်အာရုံသည် မမဆီ၌သာ ကပ်ငြိနေတော့သည်။

ခေတ်တစ်ယောက် မမကိုသာ စိတ်ဝင်စားနေပြီး သားစေကိုပင် သိပ်မ ကပ်တော့။ ခဏအကြာ ပြေးတမ်းလိုက်တမ်း ကစားပြီးနောက် အဖော် ကလေးနှစ်ယောက် ပြန်သွားပြီး သားစေနှင့် ခေတ်သာ ကျန်ခဲ့တော့သည်။ ထိုသို့ နှစ်ယောက်တည်းကျန်မှသာ မတ်တတ်ရပ်၍ ထိုင်နေသည့် သားစေ နောက်ကျောတွင်ကပ်ကာ ကုန်းပိုးသည့်သဏ္ဌာန်ဖြင့် လည်ပင်းကို ဖက် တော့သည်။

"သွား ... စောစောကကျ ကိုကို့ကို အဖက်မလုပ်ဘဲနဲ့ ... အခုမှ လာကပ်မ

နေနဲ့"

သားစေက လက်တွေကိုခွာချတော့ ခေတ်က သားစေကိုပတ်၍ ပြေးပြသည်။ ထို့နောက် သားစေ၏ ပါးကို သွားနမ်းပြန်သည်။

"သွား လာမနမ်းနဲ့"

ကိုကိုကရှန်းလေ ... ညီလေးက အတင်းလိုက်နမ်းလေ ....။ ညီလေးက ဖက်နမ်းလေ ... ကိုကိုက စိတ်ကောက်ပြလေ ....။

"သွား ... လာမနမ်းနဲ့၊ မင်းကို ငါ မခေါ်တော့ဘူး၊ ဟိုညီမလေးပဲ သွားချစ်တော့မှာ"

အား

ဗြဲ ... ....

"ဟယ် ကလေးတွေ ဘာဖြစ်တာလဲ ... စောစောကပဲ တည့်နေကြပြီးတော့"

ပါးတစ်ဖက်ကို လက်ဖြင့်အုပ်ကာငိုနေသည့် သားစေ၏ငိုသံကြောင့် ထမင်းစားရန် ပြင်ဆင်နေကြသည့်လူကြီးများ အနားသို့ အပြေးရောက်လာကြသည်။

"ဘာဖြစ်လို့လဲ သား"

"ခေတ်က သားကို ကိုက်ဆွဲတာ ဟီး .... ဟီး ... ...."

"ခေတ် ... ဘာလို့ ကိုကို့ကို ကိုက်ဆွဲရတာလဲ"

လူကြီးလေးယောက်သည် သားစေအနားတွင် ဝိုင်းနေပြီး ခေတ်ကတော့ အားလုံးနှင့် ကပ်ခွာခွာသို့ နောက်ဆုတ်သွားသည်။

"ခေတ် ... မေမေ မေးနေတယ်လေ။ ဘာလို့ ကိုကို့ကို ကိုက်ဆွဲတာလဲ"

သားစေ့ပါးကို လက်ဖြင့်အုပ်ကာ မေးနေသည့်မေမေ့ကို ခေတ် မျက်တောင်မခတ်တမ်းသာ ကြည့်နေသည်။

ငိုသည့်ကလေးက ငို၊ မငိုသည့်ကလေးကလည်း မေးမရ။

မတ်တတ်ရပ်လက်ပိုက်ကာ ခေါင်းငုံ့ထားကြသည့် ကလေးနှစ်ယောက် အနက် တစ်ယောက်၏ ပါးပေါ်တွင် သွားရာသေးသေးလေး အကွင်းလိုက် ထင်နေပြီး ကျန်တစ်ယောက်ကတော့ မကျေမနပ်နှင့် မျက်နှာလေးစူပုပ် လျက်။

"နောက်တစ်ခါ ရန်ဖြစ်ကြဦးမှာလား ညီအစ်ကိုနှစ်ယောက်"

ဒေါ်ထက်ထက်လှိုင်၏အမေးကို အကြီးဖြစ်ဟန်တူသည့်ကလေးမှာ ခေါင်း ယမ်းပြနေပြီး အငယ်ဖြစ်သူကတော့ သူ့ကိုယ်သူ ဘာကြောင့် ယခုလို လက်ပိုက်ရပ်နေရသည်ကိုပင် နားမလည်သည့်မျက်နှာလေးနှင့် အောက် နှုတ်ခမ်းလေး ရှေ့ထော်ကာ ပြန်ကြည့်နေ၏။

"နောက်ဆို ချစ်ချစ်ခင်ခင် နေကြမှာလား"

ပထမအကြိမ်ကဲ့သို့ပင် အကြီးဖြစ်သူမှာသာ ခေါင်းညိတ်ပြပြီး အငယ် ကတော့ အသံတိတ်ပင်။

"သားခေတ် ... မာမီမေးတာ မဖြေဘူးနော်။ ပြန်မဖြေရင် တစ်ယောက် တစ်နေရာစီခွဲနေ။ သားစေ ... သွား ... ဒယ်ဒီ့ဆီသွားနေ။ သားခေတ်က သားဖေဖေ့ဆီသွားနေ။ တပူးတွဲတွဲ လုပ်မနေကြနဲ့။ တွဲတဲ့အချိန် နှစ် ယောက်လုံးရိုက်မှာ"

ဖခင်ရင်ခွင်ထဲ ကိုယ်စီထိုင်နေကြသည့် ကလေးနှစ်ယောက်မှာ တစ် ယောက်ကိုတစ်ယောက် အကြည့်မခွာကြ။

"ဒယ်ဒီ ... သား ခေတ်ကို ခွင့်လွှတ်ချင်တယ်"

"ဟင်"

ဖခင်မှာ နား,နားသို့ တိုးတိုးကပ်ပြောလာသည့် သားစေစကားကို နားမလည်သဖြင့် နောက်တစ်ကြိမ် ပြန်မေးရသည်။

"သားကို ကိုက်ဆွဲတာ ခေတ်ကို ခွင့်လွှတ်ချင်တယ်။ ခေတ်ကိုက်ဆွဲတာ မနာပါဘူး"

ခေတ် ဖခင်ရင်ခွင်ထဲမှ ထလာကာ ဒယ်ဒီ့ရင်ခွင်ထဲသို့ အတင်းဝင်ထိုင်လိုက်သည်။ ထို့နောက် သားစေကို လည်ပင်းမှဖက်ကာ သူကိုက်ဆွဲထားသည့် နေရာကို ....

"ကိုကိုး ... အာဘွား ... ချစ်တယ်နော်"

သားစေစကားကို ဦးတည်ကြည်ခန့် နားလည်ရန် မလိုအပ်တော့ပါ။

***

"ကိုကိုရေ ... ကိုကို"

" ... ...."

"ကိုကို ... ကိုကို ... ကိုကို တံခါးဖွင့်"

"ဟား ခေတ် ဘယ်အချိန်ရှိသေးလို့လဲ၊ ကျောင်းပိတ်ရက်လေး အိပ်မလို့ပါဆို"

အခန်းတံခါးကို တဒုန်းဒုန်းထုကာ အော်နေသော ခေတ်ကို သားစေစိတ်တိုလာသည်။ နာရီကြည့်လိုက်တော့ မနက် ၈ နာရီ။ ကျောင်းဖွင့်ရက်ဆို စောစောထရသည်ကြောင့် အိပ်ရေးမက်သည့်သားစေက ကျောင်းပိတ်ရက်တော့ အိပ်ရေးဝဝ အိပ်ချင်သည်။ စနေ၊ တနင်္ဂနွေရက်များတွင် မာမီသည် သားစေကို စိတ်ကြိုက် အိပ်ခွင့်ပေးထားသည်။ မည်မျှပင်နေမြင့်ပါစေ ... သားစေအကျင့်က မနက်ကိုးနာရီကျော်အောင်ထိ မအိပ်

တတ်ပါ။ သို့သော် တည်မြဲစေကို ခွင့်ပြုထားသည်မှာ မိခင်ဒေါ်ထက်ထက် လှိုင်သာဖြစ်ပြီး သတိုးခေတ် မဟုတ်ကြောင်း နားလည်ထားသင့်သည်။

ဒုန်း၊ ဒုန်း၊ ဒုန်း

"ကျစ် ဘာလဲ ခေတ်ရာ ... အိပ်နေတာကို တဒုန်းဒုန်းနဲ့"

အခန်းတံခါးကို အားနှင့်ဆွဲဖွင့်ပြီး စိတ်တိုသည့်အသံနှင့် အော်လိုက်တာကြောင့် ခေတ်မျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွားသည်။ သည်လိုကျပြန်တော့လည်း စိတ်မကောင်း။ ခေတ်မျက်လုံး ဝိုင်းဝိုင်းလေးများတွင် မျက်ရည်လေးများ ဝဲလာလျှင် သိပ်သနားစရာကောင်းသည်။

ပုံမှန်အချိန်တွေဆို မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းရဲရဲ၊ ပါးဖောင်းဖောင်းလေးနှင့် ခေတ်က ချစ်စရာကောင်းသလောက် ယခုလို အိပ်ရေးပျက်အောင် လုပ်သည့်အချိန်များတွင်တော့ တည်မြဲစေ ဒေါသထွက်ရသည်။ အော်လိုက်မိလျှင်လည်း ငိုမဲ့မဲ့လေးဖြစ်လာပြီး မျက်လုံးလေးများတွင် အရည်ကြည်လေးများ ဝိုင်းလာတတ်သည်။ သို့သော် ထိုအရည်ကြည်လေးများသည် တည်မြဲစေ၏ ဒေါသဒီဂရီကို လျော့ကျစေနိုင်သည့် လက်နက်ဆိုလည်း မမှားပေ။

"ကိုကို့ ... သား ဗိုက်ဆာလို့"

"ဗိုက်ဆာ စားပေါ့၊ မေနန်းက ဘာမှမကျွေးဘူးလား"

"ဟင့်အင်း ... သားက ကိုကိုနဲ့ အတူတူ စားချင်တာ"

အရာရာကို အတုခိုးပြီး လိုက်သင်နေသည့်အရွယ်တွင် ကိုကိုသည် ခေတ်၏စံပြဖြစ်သည်။ ခေတ်သည် ကိုကိုလုပ်သလို လိုက်လုပ်သည်။ ကိုကို စားသလို လိုက်စားသည်။ ကိုကိုပြောသလို လိုက်ပြောသည်။ အရာရာ ကိုကိုနှင့်အတူတူ ဖြစ်ချင်သည်။ ကိုကို့ကိုလည်း သူလုပ်သလို လိုက်လုပ်စေချင်သည်။

"ကိုကို မစားချင်သေးဘူး၊ ခေတ်ပဲ စားလိုက်နော်။ ... မာမီ ... ဒီမှာ မာမီ့ သား လာခေါ်ဦး။ သားအိပ်နေတာကို နှောင့်ယှက်နေတယ်"

"သားခေတ်ရေ ... ကိုကိုအိပ်နေတာကို သွားမနှောင့်ယှက်ရဘူးလေ။ ဘယ်အချိန်များ အပေါ်တက်သွားလိုက်ပါလိမ့်။ လာ လာ ... ဆင်းခဲ့"

"မာမီ ... သားဗိုက်ဆာတယ်"

"ဆာရင် မာမီကျွေးမယ် ... လာ။ ကိုကိုအိပ်တာ အိပ်ပါစေ"

"ဟင့်အင်း ... ကိုကိုနဲ့ အတူတူစားမှာ"

သားတစ်ယောက်မွေးထားသည့် ဒေါ်ထက်ထက်လှိုင်လည်း သားနှစ်ယောက်ကို ထိန်းရသည်မှာ မလွယ်ကူလှ။

ခေတ်ကို ချော့ခေါ်ရန် ခေတ်ရပ်နေရာ သားစေအခန်းသို့ သူပါ တက်သွားလိုက်သည်။

"လာ သားခေတ် ... မာမီနဲ့ သွားစားမယ်"

ဒေါ်ထက်ထက်လှိုင် ချိုဟန်ပြင်သော်လည်း ခေတ်က အချိုမခံဘဲ နောက်ဆုတ်သွားသည်။ လက်နှစ်ဖက်နောက်ပစ်၊ နံရံတွင် ကျောကပ်ကာ ခေါင်းယမ်းပြသည်။ သည်အခြေအနေဆို အတင်း လက်ဆွဲခေါ်လျှင် ခြေကန်ရုန်းပြီး ပွေ့ချီလျှင်လည်း ကော့ကန်ထိုးတော့မည်။

"သားလည်း နိုးနေပြီပဲကို အတူတူ စားပေးလိုက်ပါ သားရယ် ... နော်။ သားက လိမ္မာပါတယ်"

ဒေါ်ထက်ထက်လှိုင် သားစေကိုသာ ချော့ပြောလိုက်သည်။

"ညီလေးက ကိုကိုနဲ့အတူတူ စားချင်နေရှာတာ"

အသံတိတ်နေသည့်သားစေသည် ခေတ်ကို အတန်ကြာအောင် ကြည့်နေပြီးမှ သူ့ကို မော့ကြည့်နေသည့် ခေတ်၏ မျက်လုံးဝိုင်းဝိုင်းလေးများကို

မျက်နှာလွှဲကာ ....

"ဒါဆို မာမီ သားကို ရေချိုးပေး"

"မာမီ ... သားလည်း ရေချိုးမယ်၊ ကိုကိုနဲ့ အတူတူ"

"မင်းကို ရှုပ်ကို ရှုပ်တယ်ကွာ"

"ဗြဲ ... .... ဟီး ....ဟီး .... ကိုကိုနဲ့တူတူ ရေချိုးမှာ၊ ကိုကိုနဲ့တူတူ ရေချိုးမှာ"

"လာကွာ လာ ဝင်"

ဒေါ်ထက်ထက်လှိုင်တစ်ယောက် စောစောစီးစီး တငိုငို တရယ်ရယ် ဖြစ်နေသည့် ညီအစ်ကိုနှစ်ယောက်ကို ကြည့်ပြီး ပြုံးမိသည်။

သားစေသည် မည်မျှပင် စိတ်ဆိုးနေပါစေ ... သားခေတ်ဂျီသမျှကို အလျှော့ပေးစမြဲ၊ အလိုလိုက် အကြိုက်ဆောင်စမြဲ။ သို့သော် သားစေတင်လားဆိုတော့လည်း မဟုတ် ... သူတို့ တစ်မိသားစုလုံးပါပင်။

နောက်ဆုံး အဖြေထွက်ပြီးနောက် သားနှစ်ယောက်အား ရေချိုး၊ အဝတ်အစား လဲပေးလိုက်သည်။ သားခေတ်၏ အဝတ်အစားများက သားစေ၏အခန်းတွင်လည်း ရှိသည်ကြောင့် အဆင်ပြေသည်။ ထို့နောက် ကလေးနှစ်ယောက်ကို လက်ဆွဲကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

Ring .... ring .... ring

အောက်ထပ်ရောက်သည်နှင့် ဧည့်ခန်းမှ ဖုန်းမြည်သံ ထွက်ပေါ်လာသည်။

"ဟယ်လို နန်း"

"ဟယ်လို မမ ... သားခေတ်ရှိလား"

"ရှိပါ့ရှင် ... ဗိုက်ဆာတယ်ဆိုပြီး ကိုကို့ အတင်းလာနှိုးနေတာ"

"ဒီနေ့ အိမ်မှာ ရှမ်းခေါက်ဆွဲလုပ်လို့လေ၊ အဲဒါ သူ့ကိုကိုကို သွားခေါ်မယ်

ဆိုပြီး ထွက်သွားတာ ကြာနေလို့။ ကိုကိုက ဒီအချိန် မနိုးသေးဘူးလို့ ပြောတာလည်း မရဘူး။ မာမီလှိုင့်အိမ်ကို မေမေသွားပို့မှာပါလို့ ပြောလည်း မရဘူး။ ပြောမရ ဆိုမရ အတင်းထွက်သွားလေရဲ့။ သားစေကို ရှမ်းခေါက်ဆွဲစားရအောင် လွှတ်လိုက်ပါဦး"

"လွှတ်လိုက်မယ် နန်းရေ၊ နှစ်ယောက်လုံးကို ရေချိုးပေးနေလို့ ကြာနေတာ။ သားစေက သိတဲ့အတိုင်းပဲ ... အိပ်ရာထတာနဲ့ ရေချိုးလိုက်ရမှ ... ကိုဖိုးသန့်လေးက"

"ဟုတ်ကဲ့ မမ ... လွှတ်လိုက်နော်။ ဒါဆို မမနဲ့ အစ်ကိုကြီးအတွက်တော့ သူတို့အတွက် ပြင်ပေးပြီးမှ လာပို့မယ်။ အစ်ကိုကြီး မသွားသေးဘူးမလား"

"သွားပြီ နန်းရေ၊ စောစောလေးကပဲ သွားတာ"

"ဟုတ်လား ...။ ဒါဆို မမ ကလေးတွေနဲ့လိုက်ခဲ့လိုက်တော့"

"မမ ခဏနေမှ လာမယ်။ ကလေးတွေ အရင်လွှတ်လိုက်မယ်"

"ကဲ သားခေတ် ... မေမေက ကြာနေလို့တဲ့ ဖုန်းဆက်နေပြီ။ သား ... ညီလေးက သားကို ရှမ်းခေါက်ဆွဲစားရအောင် လာခေါ်တာ ... လိုက်သွားလိုက်၊ မေနန်းမျှော်နေတယ်။ မာမီက ခဏနေမှ လိုက်ခဲ့မယ်"

"ဟုတ်။ လာ ခေတ် သွားမယ်"

အိပ်ရေးဝဝ မအိပ်ရသည့်သားစေသည် ယခုထိ စိတ်မကြည်သေး။ ခေတ်တို့မူကြိုကျောင်း စနေ၊ တနင်္ဂနွေပါ ဖွင့်ပါစေဟုသာ ဆုတောင်းနေမိသည်။

"ကိုကိုချီ"

"ဟင်"

"ကိုကိုချီ ... လို့"

"မချီပါဘူး။ ကိုယ့်ဘာသာကိုယ် လိုက်ခဲ့"

"ကိုကိုး ...."

"အေးကွာ လာကွာ"

***

မူလတန်းကျောင်း၏ ကျောင်းဆုပေးပွဲတွင် စတုတ္ထတန်းကျောင်းသား တည်မြဲစေသည် အတန်းစာမေးပွဲတွင် အမှတ်အများဆုံးနှင့် ပထမဆုရ သည့်အပြင် ပန်းချီပြိုင်ပွဲတွင်ပါ ပထမဆု ဆွတ်ခူးရရှိပြန်သေးသည်။ ဆုပေးပွဲတွင် သားအတွက် ဂုဏ်ယူနေသည့် မိဘနှစ်ပါးအပြင် သားစေ၏ VVIP တစ်ယောက်လည်း တက်ရောက်လေသည်။

ခေတ်ကို အတန်းထဲခေါ်သွားတော့ အတန်းထဲမှ မိန်းကလေးများက ခေတ်အနား ဝိုင်းလာကြသည်။

"တည်စေ ... နင့်ညီလေးက ချစ်စရာလေးနော်"

"သားသား ... သားသားနာမည် ဘယ်လိုခေါ်လဲ"

"သားသားက ဘယ်နှနှစ်ရှိပြီလဲ"

ဘယ်သူဘာမေးမေး ခေတ်ကတော့ မျက်လုံးပြူးလေးနှင့်သာ ကြည့် နေသည်။ စကားပြောခိုင်း၍လည်း မရ၊ ပြန်ရန် နှုတ်ဆက်ခိုင်းသည်ကိုပင် ခိုင်းလို့မရ။ ငယ်စဉ်ကတည်းက သူမလုပ်ချင်လျှင် ဘာမျှ ခိုင်းလို့မရသည့် သတိုးခေတ်ပါလေ။

"သိပ်မကပ်နဲ့ ... သိပ်မကပ်နဲ့။ နင်တို့ကြောင့် ငါ့ညီလေး စိတ်ညစ်နေပြီ"

သူ့ကို ကြည့်လာသည့် အကြည့်လေးများ၏ အဓိပ္ပာယ်ကို ကိုကိုကသာ အပြည့်အဝ နားလည်သည်။ ဟိုလူမေး၊ သည်လူမေး ဝိုင်းမေး၊ ဝိုင်းစနေကြ သည်ကို ခေတ်မကြိုက်တော့။ ဤအတိုင်းသာဆို မကြာမီ အနားတွင်ရှိ သည့်တစ်စုံတစ်ခုနှင့် တစ်ယောက်ယောက်ကို ထုချတော့မည်။

"သားစေ ... သား လာဦး၊ ဓာတ်ပုံရိုက်ရအောင်"

သားစေတို့ ပြန်ခါနီးတွင် အတန်းပိုင်ဆရာမက ဆုရသည့်သူများကို ဓာတ်ပုံရိုက်ရန် လှမ်းခေါ်သည်။

စတုတ္ထတန်း စာသင်ဆောင်ရှေ့တွင် အတန်းထဲမှ ဆုရသည့်သူများက ဓာတ်ပုံရိုက်ရန် တန်းစီကြတော့ ကိုကို့ဘေးတွင် သူပါဝင်ရပ်သည်။ သူ့ကို ကို့အနားသို့လည်း မည်သူကိုမျှ မကပ်မခံ။ သူက ကိုကို၏ ဘယ်ဘက်တွင် ရပ်နေရ၍ ညာဘက်ခြမ်းကို ခါးလေးကိုင်းကာ သူ့ကိုကိုဘေးတွင် ဘယ်သူ ရပ်လဲ ကြည့်ကြည့်နေသေးသည်။ ဖြစ်နိုင်လျှင် ကိုကို၏ ဘယ်ညာနှစ်ဖက် လုံးတွင် သူသာ နေရာယူချင်နေသည့်ပုံ။ ပန်းချီပြိုင်ပွဲတွင် ကိုကို ပထမဆုရ သည့် ရွှေတံဆိပ်ဆုကိုပါ ကိုင်ထားပြီး အကျအန နေရာယူထားသည်မှာ မာ မီမခေါ်မီအထိပင် ဖြစ်သည်။

"အယ် သားခေတ်က မပါရဘူးလေ။ ကိုကိုတို့ ရိုက်ပါစေဦး။ ပြီးမှ မာမီက သားခေတ်ကို ရိုက်ပေးမယ်နော်"

ထိုနေ့က သားစေဆုယူသည့် မှတ်တမ်းဓာတ်ပုံများတွင် ညီငယ်လေးဖြစ် သူက ခြေထောက်ကားကားလေး ရပ်နေပြီး ရှက်ရွံ့သည့်ဟန်ဖြင့် လက်မ လေးကိုက်ကာ ဓာတ်ပုံရိုက်ပေးသူကို မျက်လုံးလေး လှန်ကြည့်နေပြီး ညီ ငယ်လေးအား သဘောတကျ ငုံ့ကြည့်နေသဖြင့် မျက်နှာတစောင်းသာ ပေါ် တော့သော ကိုကိုတို့၏ ဓာတ်ပုံတစ်ပုံလည်း ပါဝင်ခဲ့သည်။

***